Translated & Edited
By
Foundation For Democracy In Burma

**(FDB)**

# အကြမ်းမဲ့နှလုံးရည်တိုက်ပွဲ

***Distributed By Central Information Depatrment of C.R.D.B***

မြန်မာပြည် ဒီမိုကရေစီပြန်လည်တည်ဆောက်ရေး ဦးစီးကော်မတီ (CRDB) ဗဟိုပြန်ကြားရေးဌာနမှ
ဦးစီးထုတ်ဝေဖြန့်ချိသည်။

# အကြမ်းမဲ့ နှလုံးရည်တိုက်ပွဲနှင့် အာဏာ၏အခန်းကဏ္ဍ

မိတ်ဆက်

အကြမ်းမဲ့ နှလုံးရည်တိုက်ပွဲသည် လူ့ဘောင်အဖွဲ့အစည်းနှင့် ထိုလူ့ဘောင် အဖွဲ့အစည်း၏ နိုင်ငံရေး အကြောင်းအရာ၂ရပ်၏ ပီဘိသဘာဝအနေအထားပေါ်တွင် အခြေခံသည်။ အကြမ်းမဲ့ နှလုံးရည်တိုက်ပွဲ၏ လက်တွေ့ကျင့်စဉ်၊ ဤတိုက်ပွဲလမ်းစဉ်၏ အစိတ်အပိုင်းများ တည်နေလှုပ်ရှားမှုနှင့် ဤတိုက်ပွဲလမ်းစဉ်၏ အကျိုးသက်ရောက်မှု အဖုံဖုံတို့သည် မိမိဘက်မှ အာဏာကို မည်သို့ကိုင်တွယ်အသုံးချသည်၊ ယင်းအာဏာ ကိုင်တွယ်အသုံးချမှုကြောင့် ဆန့်ကျင်ဘက် အင်အားစုအပေါ် အကျိုးရလဒ် မည်သို့သက်ရောက်သည်ဆိုသော အချက်(၂)ချက်အပေါ် တိုက်ရိုက်မှီခိုပေသည်။

အထက်တွင် ပြဆိုခဲ့သော အမြင်အရ အကြမ်းမဲ့ နှလုံးရည်တိုက်ပွဲဟူသည် အသံမပါ အင်အားဗလာဟု လူအများယူဆလွဲမှားနေသောအမြင်နှင့် လားလားပင်ဆန့်ကျင်နေပေသည်။ လူအများအနေဖြင့် အကြမ်းမဲ့ နှလုံးရည်တိုက်ပွဲလမ်းစဉ်ဟူသည့် အခြေခံ အတွေးအခေါ်တရပ် အနေဖြင့်၎င်း၊ နိုင်ငံရေးရှုထောင့်မှနေ၍၎င်း၊ လက်တွေ့ နိုင်ငံရေးနယ်ပယ်တွင် အာဏာ၏ ပကတိသဘာဝကို လှစ်လျူပြီး နိုင်ငံရေးတွင် အကြမ်းဘက်တိုက်ခိုက်ခြင်း (ဝါ) လက်နက်ကိုင်အကြမ်းဘက်မှုသည်သာ ပကတိအာဏာ၏ ပေါက်ဖွားရာဇာတိအမှန်ဖြစ်သည်ကို သဘောမပေါက်သောသူများအနေဖြင့် ရှေတန်းတင်လာသောလမ်းစဉ်ဟု ထင်မြင်ယူဆကြပေသည်။ စင်စစ် လူအများ၏ လွဲမှားသောအမြင်သည် နိုင်ငံရေးတွင် အာဏာ၏ ပကတိသဘာဝ၊ အကြမ်းမဲ့နှလုံးရည်တိုက်ပွဲဆင်ရာတွင် အာဏာ၏ အရေးပါသောကဏ္ဍအမှန်ကို လျစ်လျူရှုပြီး လက်ခံရန်တင်းခံနေခြင်း စသည့်အကြောင်းရပ်များတွင် ရေသောက်မြစ်တွယ်လျက်ရှိပေသည်။

အကြမ်းမဲ့ နှလုံးရည်တိုက်ပွဲအား သုံးသပ်ရာတွင် ၎င်းအား အခြားဆင်တူသော်လည်း လုံးဝကွဲပြားသည့်လမ်းစဉ်လုပ်ရပ်များဖြင့် ရောထွေးနိုင်းယှဉ်သုံးသပ်၍ မရနိုင်ပေ။ အကြမ်းမဲ့ နှလုံးရည်တိုက်ပွဲလမ်းစဉ်သည် လူမှုရေး၊ စိတ်ဓါတ်ရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ နည်းလမ်းအစုံစုံကို ကိုင်စွဲအသုံးချ၍ အကြပ်ကိုင်ခြင်းဖိအားပေးခြင်း အပြစ်ဒဏ်ခံခြင်းတို့ကို အကြမ်းဘက် လက်နက်ကိုင်ဆောင်ခြင်း မရှိပဲ ဆောင်ရွက်အကောင်အထည်ဖော်ခြင်းဖြစ်သည်။ အကြမ်းမဲ့နှလုံးရည်တိုက်ပွဲလမ်းစဉ် အောက်တွင်အထိမ်းအမှတ်ဆန္ဒပြခြင်း **symbolic protest** လူမှုရေးအရပူးပေါင်းဆောင်ရွက်မှုများရပ်ဆိုင်းခြင်း **social non-cooperation** အကြမ်းမဲ့နှလုံးရည်အားဖြင့် ဝင်ရောက်စွက်ဖက်ခြင်း **non-violent intervention** များတွင် ထိုင်သပိတ်မှောက်ခြင်းမှသည် ယှဉ်ပြိုင်အစိုးရဖွဲ့ခြင်းအထိ ပါဝင်သည်။ စီးပွားရေးအရ သပိတ်မှောက်ခြင်း **economic boycott** အလုပ်သမားများ ဆန္ဒပြခြင်း၊ နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆန်ခြင်း **political non-cooperation** များပါဝင်သည်။ အထက်တွင် ဖေါ်ပြခဲ့သော နည်းလမ်းများအား အကြမ်းမဲ့နှလုံးရည်တိုက်ပွဲလမ်းစဉ်၏ လက်နက်များဟုခေါ်ဆိုနိုင်ပေသည်။

အကြမ်းမဲ့နှလုံးရည်တိုက်ပွဲ လမ်းစဉ်အား ၎င်းနှင့် မတူသီးခြားဖြစ်သော ဘာသာရေးအရ၎င်း၊ လောကနီတိကျင့်ဝတ်အရ၎င်း လက်နက်ကိုင်အကြမ်းဖက်မှုကို မယုံကြည်ရှောင်ကျဉ်ခြင်းနှင့် ရောထွေးစပ်ယှက်ခြင်း မပြုမိရန် အရေးကြီးသောအချက်ဖြစ်သည်။ ဘာသာရေးကိုယ်ကျင့်ဝတ်အရ အကြမ်းဖက်မှုကို မယုံကြည်၊ နိုင်ငံရေးအရလည်း အကြမ်းမဲ့နှလုံးရည်တိုက်ပွဲကိုသာ ယုံကြည်သူများရှိကောင်းရှိပေမည်။ သို့သော် အကြမ်းမဲ့နှလုံးရည်တိုက်ပွဲကို ဆုပ်ကိုင်ဆင်နွှဲနေသူအများစုသည် အကြမ်းမဲ့နှလုံးရည်တိုက်ပွဲလမ်းစဉ်တခုထည်းကိုသာ စွဲမြဲသက်ဝင်ယုံကြည်နေကြသူများမဟုတ်ကြပေ။ ၎င်းတို့သည် လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို ယခင်က ကိုင်စွဲခဲ့ဘူးပြီး၊ အနာဂါတ်တွင် အခြေအနေအရ လိုအပ်ပါကလည်း ပြန်လည်ကိုင်စွဲရန် ဦးမလေးသူများဖြစ်ကြသည်။ ၎င်းတို့အနေဖြင့် ပဋိပက္ခအခြေအနေအရပ်ရပ်များအပေါ် မူတည်သုံးသပ်၍၊ မိမိတို့လိုလားသော ရည်မှန်းချက်တရပ် အောင်မြင်ရေးအတွက်သာ အကြမ်းမဲ့နှလုံးရည်တိုက်ပွဲ မဟာနည်းဗျူဟာကို ချမှတ်ကျင့်သုံးခြင်းဖြစ်ပေသည်။ ဤသို့ ကျင့်သုံးရခြင်း၏ အဓိကအကြောင်းအရင်းမှာ လက်ငင်းပဋိပက္ခတွင် အကြမ်းမဲ့နှလုံးရည်တိုက်ပွဲလမ်းစဉ်ကို ကျင့်သုံးခြင်းဖြင့် အောင်မြင်ရန် အလားအလာသာလွန်ကြောင်း သုံးသပ်ချက်ကြောင့်ပင် ဖြစ်သည်။

အကြမ်းမဲ့နှလုံးရည်တိုက်ပွဲသည် တနည်းအားဖြင့် မိမိ၏အင်အားစုများအား ရန်သူအင်အားစုနှင့် ယှဉ်ပုံယှဉ်နည်း အတတ်ပညာရပ်လည်းဖြစ်သည်။ များသောအားဖြင့် ရန်သူသည် သိသိသာသာအုပ်ချုပ်ရေး၊ စီးပွားရေး၊ ရဲ၊ စစ်တပ် စသည့် လက်နက်ကိုင်အဖွဲ့အစည်း အင်အားများကို လက်ဝယ်ပိုင်ဆိုင်ထားကြသူများဖြစ်ကြသည်။ တနည်းအားဖြင့် ရန်သူအုပ်စုသည် အများပြည်သူ၏ အကျိုးစီးပွားကို ဆန့်ကျင်နေသူများဟူ၍ သတ်မှတ်ခြင်းခံရသော အခွင့်ထူးခံသူတစု၏ ချယ်လှယ်မှုအောက်တွင်ရှိသော နိုင်ငံတော်ယန္တရားကြီး **state apparatus** ပင်ဖြစ်သည်။ သို့တည်းမဟုတ် ရန်သူအုပ်စုသည် နိုင်ငံတော်ယန္တရား၏ အထောက်အကူရရှိနေသော ကိုယ်ပိုင်အစိုးရမဟုတ်သောအဖွဲ့အစည်းတရပ် ဖြစ်နိုင်ပေသည်။

ရန်သူအုပ်စု၏ ပေါ်လစီလုပ်ငန်းများကြောင့် မိမိတို့အကျိုးစီးပွား ထိခိုက်ဆုတ်ယုတ်နေသည်ဟု ခံစားနေသူ အများပြည်သူနစ်နာသူ အုပ်စု **grievance group** တွင် ပါဝင်လေသည်။ နစ်နာသူအုပ်စုသည် ပြဿနာကိစ္စအချို့နှင့် စပ်လျဉ်း၍၎င်း၊ ကျယ်ပြန့်သော ပေါ်လစီလုပ်ငန်းစဉ်အားဖြင့်၎င်း၊ အုပ်ချုပ်ရေးအာဏာပိုင်တဖွဲ့လုံးအား ဆန့်ကျင်ကန့်ကွက်နေကြသူများဖြစ်သည်။ နစ်နာသူအုပ်စုတစုလုံး အနက်မှ တစိတ်တဒေသသည်သာ အကြမ်းမဲ့နှလုံးရည်တိုက်ပွဲတွင် အမှန်လက်တွေ့ ဆင်နွှဲပါဝင်သည်ကို တွေ့ရတတ်သည်။ အကြမ်းမဲ့တိုက်ပွဲတွင်ပါဝင်သော အဖွဲ့အစည်းများအနေဖြင့် အရေအတွက်နှင့်လုပ်ငန်းသဘာဝများ အသီးသီးကွဲပြားခြားနားလေ့ရှိသည်။

အာဏာသည် အကြမ်းမဲ့နှလုံးရည်တိုက်ပွဲ၏ အဓိကကျသောအစိတ်အပိုင်းဖြစ်သည်။ မိမိအနေဖြင့် ကိုင်တွယ်အသုံးပြုနိုင်သော အာဏာ၏အတိုင်းအတာ၊ ယင်းအာဏာ၏ တည်ရှိပုံသဘာဝများကို အလေးဂရုမပြုပဲ ပဋိပက္ခကို နားလည်နိုင်ရန်သော်၎င်း အသိဉာဏ်လက် မြက်မှုဖြင့်တိုက်ပွဲဝင်နိုင်ရန်သော်၎င်း မဖြစ်နိုင်ပေ။

ဤနေရာတွင် အာဏာဟူသော ဝေါဟာရသည် လူ့ဘောင်အဖွဲ့အစည်းတရပ်လုံးအနေဖြင့်၄င်း၊ ယင်းအတွင်းရှိ အဖွဲ့အစည်းတရပ်လုံးအနေဖြင့်၄င်း၊ မိမိရပ်တည်ရှင်သန်နိုင်ရေးအတွက်ဆုပ် ကိုင်အသုံးပြုနိုင်သည့် ဩဇာသက်ရောက်စေခြင်း၊ သပိတ်မှောက်အကြပ်ကိုင်ခြင်း အပါအဝင် ဖိအားပေးခြင်း နည်းလမ်းအလုံးစုံနှင့် ယင်းတို့အားအသုံးချ၍ မိမိအဖွဲ့အစည်း၏ အတွင်းအပြင်မှ ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းအရပ်ရပ်ကိုဆိုလိုသည်။ တနည်းအားဖြင့် အာဏာဟုခေါ်ဆိုအသုံးပြုရာတွင် အခြေအနေတရပ်သို့မဟုတ် လူပုဂ္ဂိုလ်များသို့မဟုတ်အဖွဲ့အစည်းများအား ထိန်းသိမ်းချုပ်ကိုင်နိုင်သော အရည်အချင်းကိုဆိုလိုသည်။ တနည်းအားဖြင့် အာဏာဟူသည် လူပုဂ္ဂိုလ်များသို့မဟုတ် အဖွဲ့အစည်းများအား လုပ်ငန်းကိစ္စတရပ်ရပ်အတွက် လှုပ်ရှားပါဝင် စွမ်းဆောင်စေနိုင်သော အရည်အချင်းပင်ဖြစ်သည်။ အဖွဲ့စည်းတရပ်၏ မျှော်မှန်းချက်ပန်းတိုင် ဆုပ်ကိုင်နိုင်ရေးကို၄င်း၊ လက်ရှိပေါ်လစီဝါဒများပြောင်းပြစ်ရန် သို့မဟုတ် ဆက်လက်သုံးသွားရန်ကို၄င်း၊ ယင်းအာဏာကိုအသုံးပြုနိုင်သည်။ အခြားသူများကိုလည်း အလားတူနည်းလမ်းပေးပြီး ကိုယ့်ဘက်လိုက်ပါအောင် ဖြောင်းဖျနိုင်သည်။

နိုင်ငံရေးသဘောတရားအရ ဩဇာ အာဏာရှိသူများမှာ အစိုးရများ၊ နိုင်ငံတော်အဖွဲ့အစည်းများ၊ ပြည်သူ့ဆန့်ကျင်ရေးလုပ်သူများ အုပ်စုစသည်တို့ဖြစ်ကြသည်။ နိုင်ငံရေးအာဏာကို တိုက်ရိုက်အသုံးချသော်၄င်း အရှိန်အဝါအဖြစ်၄င်းထားနိုင်သည်။ အာဏာရှိသည်ဆိုရုံနှင့်ဩဇာညောင်းသည်။ ဥပမာ–စစ်မြေပြင်တိုက်ပွဲတွင်သာမက၊ နှစ်ဘက်တွေ့ဆုံဆွေးနွေးဖြေရှင်းရာတွင်လည်း ယင်းအာဏာကိုအသုံးပြုမြဲဖြစ်သည်။

ရန်သူအစိုးရအဖွဲ့နှင့် အကြမ်းမဖက်သည့်အတိုက်အခံအဖွဲ့နှစ်ဖွဲ့စလုံး၏ ဩဇာအာဏာအရှိန်အဝါ မည်မျှရှိကြောင်း မည်သည့်အခြေအနေတွင်ရှိကြောင်း သုံးသပ်ပြီး၊ ယင်းအာဏာကို မည်သည့်အခန်း ကဏ္ဍတွင်ထား၍ သုံးစွဲမည်ဟုစဉ်းစားရပေမည်။

## မှီခိုအုပ်ချုပ်သူများ

အုပ်ချုပ်သူအစိုးရနှင့် ၄င်းအစိုးရ၏ အထက်တန်းအရာရှိများတွင် အာဏာရှိသည်ဆိုရာတွင် အလိုအလျောက်ဩဇာအာဏာရှိလာသည်မဟုတ်။ ဤအချက်ကို သတိမလွှတ်သင့်။ ဩဇာအာဏာဆိုသည်မှာလူထုကပေးမှရသည်။ အုပ်ချုပ်ခံရသူတို့ကပေးမှရသည်။ သို့ဖြစ်၍ အုပ်ချုပ်သူအာဏာပိုင်များအဖြစ် ဩဇာညောင်းစေချင်လျှင် မိမိတို့အလိုကျလုပ်ကိုင်ပေးသူများရှိရမည်။ လူအင်အားကို သုံးနိုင်ရမည်။ အကြပ်ကိုင်သည့်နည်းလမ်း များကိုသိထားရမည်။ မိမိတို့ပေါ်လစီဝါဒအရ အကောင်အထည်ဖော်နိုင်ရန် အုပ်ချုပ်ရေးစက်ယန္တရားအတွင်းက ဝန်ထမ်းအရာရှိများကို လည်းညွှန်ကြားစေခိုင်းနိုင်ရမည်။

အုပ်ချုပ်သူအစိုးရနှင့် နိုင်ငံရေးစနစ်များတွင် မိမိတို့လုပ်ချင်သလိုလုပ်နိုင်သည့် အာဏာများမရှိ။ လူအများအပေါ် မိမိထင်သလိုအနိုင်ကျင့်နိုင်သည့် အာဏာလည်းမရှိ။ ပြည်သူလူထုကရိုင်းပင်းကူညီအားပေးပြီး သဘောတူဆောင်ရွက်မှသာ အစိုးရနှင့်အုပ်ချုပ်သူလူတန်းစားတို့ ရပ်တည်နေနိုင်သည်။ အုပ်ချုပ်ခံရသူလူအများကလိုလားမှ အာဏာတည်မြဲသည်။ ထိုနည်းတူလူတန်းစား အမျိုးမျိုးအဖွဲ့အစည်းအသီးသီးထံမှ အကူအညီရမှသာ အာဏာကို တရားသဖြင့်ထိန်းသိမ်းထားနိုင်သည်။

အောက်ဖော်ပြပါအချက်များသည် အာဏာ၏ အရင်းခံအချက်များဖြစ်ပြီး၊ ယင်းအချက်များပေါင်း၍၄င်း၊ တခုနှင့်တခုအမှီသဟဲပြု၍၄င်း တည်ရှိမှနိုင်ငံရေးအာဏာ ပေါ်ပေါက်လာနိုင်သည်။

(၁) ဩဇာ–အုပ်ချုပ်ခံရသူတို့အပေါ် မည်မျှဩဇာရှိသနည်း။ မည်မျှထိရောက်သနည်း။ တရားမျှတစွာရထားသော ဩဇာအာဏာဟုတ်မဟုတ်။

(၂) လူထုအင်အားစွမ်းရည်–မိမိဩဇာခံမည့်သူ မည်မျှရှိသနည်း။ အထောက်အပံ့ပေးမည့်သူ ဘယ်လောက်ရှိသနည်း။ အရေးပေါ်ကိစ္စများတွင် ကူညီဆောင်ရွက်နိုင်သူ မည်မျှရှိသနည်း။ ဩဇာခံလူစုက တိုင်းပြည်လူဦးရေနှင့်စာလျှင် မည်မျှရှိကြောင်း။

(၃) ကျွမ်းကျင်မှုအသိပညာနှင့်အတတ်ပညာ–အထက်ဖော်ပြပါလူအင်အားစုက ၄င်းတို့အသိပညာ အတတ်ပညာစွမ်းရည်တို့နှင့် အုပ်ချုပ်သူတို့အား မည်သို့အကူအညီ အထောက်အပံ့ပေးနိုင်သနည်း။

(၄) လက်ဆုပ်လက်ကိုင်မပြနိုင်သော အကြောင်းအရာများ–စိတ်ထားနှင့်နိုင်ငံရေးအယူအဆများ ဥပမာ–ဩဇာအမိန့်ကိုနာခံတတ်သည့် အကျင့်ရှိမရှိ၊ ယုံကြည်ချက်ခြင်းတူမတူ၊ နိုင်ငံရေးအယူအဆတူမတူ၊ ပန်းတိုင်ရောက်အောင်ကျိုးစားမည်ဆိုသော စိတ်ဓါတ်ရှိမရှိ။

(၅) ပစ္စည်းဥစ္စာ အင်အား–ဥစ္စာပစ္စည်း၊ သယံဇာတပစ္စည်း၊ငွေအင်အား၊ စီးပွားရေးစနစ်၊ ဆက်သွယ်ရေး၊သယ်ယူပို့ဆောင်ရေး။

(၆) အပြစ်ဒဏ်ပေး အရေးယူခြင်းများ–မိမိတို့လက်အောက်ခံများကို မည်သို့အရေးယူမည်၊ မည်သို့သောအပြစ်ဒဏ်များပေးမည်၊မည်သို့ပေးမည်၊ အခြားအစိုးရများနှင့် ပဋိပက္ခဖြစ်လျှင် မည်သို့အပြစ်ဒဏ်များသုံးမည်။

အချုပ်အားဖြင့်ပြောရလျှင် အာဏာပိုင်တို့သည် မိမိတို့အသုံးချနိုင်သည့် အာဏာ ဘယ်အထိအတိမ်အနက်ရှိသနည်းကိုကြည့်ပြီး ခန့်မှန်းနိုင်သည်။ ဘယ်လောက် ထိရောက်နိုင်မည်ကို သိနိုင်သည်။ အာဏာဆိုသည်မှာ ကိုယ်သုံးချင်သလိုသုံးလိုက်မည် အာဏာပြလိုက်မည် ဟူ၍မရှိ။ လုံးဝမရှိဟူ၍လည်းဆိုနိုင်ခဲပါသည်။ လူထု၏ကူညီယိုင်းပင်းမှုသည်အစဉ်ပြောင်းလဲနေမည်သာ။ အစိုးရကိုလိုလိုချင်ချင် အကူအညီပေးလျှင်အစိုးရ၏အာဏာတက်လာမည်။ မလိုက်လျှောလျှင်ကျသွားမည်။ တိုင်းသူပြည်သားက အစိုးရကို အတားအဆီးမရှိ အာဏာပေးမပေးဆိုသည့်အပေါ်တွင်မူတည်ပြီး အစိုးရ၏အရှိန်အဝါကို ခန့်မှန်းနိုင်သည်။

အုပ်ချုပ်သူတဦး၏ တန်ခိုးအာဏာသည် ဘယ်ကလာသနည်းဟု စေ့စေ့စပ်စပ်ကြည့်ကြစို့။ လူထု၏လက်ခံမှု လူထု၏ကူညီယိုင်းပင်းမှုရှိမှရသည်။ တိုင်းပြည်လူထုက ဒီအစိုးရသည် မတရားအမိန့်ထုတ်နေသည်ဆိုပြီး ပယ်ချနိုင်သည်။ အစိုးရအဆိုကိုလည်း မထောက်ခံတော့ပဲ ဆက်ပြီး

ဒီအစိုးရကို ခေါင်းငြိမ့်နေ၍ မဖြစ်ဟုပြောလာလျှင် အစိုးရတွင်အာဏာမရှိတော့။ သြဇာမညောင်းလျှင် အမိန့်အာဏာမှာလည်း အဆိပ်မရှိဖြစ်သွားလေပြီ။ နောက်ဆုံးတန်ခိုးအရှိန်မှေးမှိန်ဆုတ်ယုတ်ပြီး ဆယ်မရအောင်ဖြစ်ခဲ့သော် ယင်းအစိုးရလည်း ရပ်တည်နေနိုင်တော့ပေ။

အမိန့်ကိုငြင်းဆန်လိုက်ပြီဆိုသည်နှင့် တပြိုင်နက် လူထု၏ ယိုင်းပင်းကူညီမှုကိုလည်းမရတော့။ လူထုကအစိုးရနှင့် ပူးပေါင်းလုပ်ကိုင်ရန်ငြင်းဆန်သည့်အဆင့်ရောက်လျှင် အစိုးရအနေနှင့် အကြပ်တွေ့ပြီသာပင်။ အဘယ်ကြောင့်ဆိုသော် အစိုးရသည်အုပ်ချုပ်ခံရသူတို့က ကူညီအားပေး၍သာ အသက်ရှည်နေခြင်းဖြစ်သည်။ လူအများစုထံမှ၎င်း၊ ပုဂ္ဂလိကတဦးချင်းထံမှ၎င်း၊ အသင်းအဖွဲ့ အုပ်စုအမျိုးမျိုးတို့မှ၎င်း ကူညီသိုင်းဝိုင်းထောက်ခံအားပေးမှုနှင့်သာ၊ စီးပွားရေး၊ နိုင်ငံရေးစနစ် စသည်တို့ရပ်တည်နေနိုင်သည်။ အုပ်ချုပ်သူများသည် လူထု၏အကူအညီကို အားကိုးနေရသည်။ အာဏာပိုင်တို့က စီမံအုပ်ချုပ်ပုံ တိုးချဲ့တင်းတင်းကြပ်ကြပ်အုပ်ချုပ်လိုလေလေ၊ လူထုအကူ အညီပို၍လိုလေလေဖြစ်သည်။

လူထု၏အကူအညီကို အဆက်မပြတ်အမြဲရနိုင်ဖို့ အရေးကြီးသည်။ ဝိုင်းဝန်းကူညီရမည့်သူများမှာ အသင်းအဖွဲ့ဝင်များ၊ အစိုးရအရာရှိများ၊ အလုပ်သမားများ စသည်တို့ပင်။ ထိုမျှမက အုပ်ချုပ်ရေးစက်ယန္တရား၏ အစိတ်အပိုင်းဖြစ်သည့် အသင်းအဖွဲ့စသည်တို့၏ ပါဝင်ဆောင်ရွက်မှုလည်းလိုသည်။ အစိုးရအမှုထမ်းများ၊ ဌာနအသီးသီး၊ ရုံးအထွေထွေ၊ ကော်မတီဝင်စသည်တို့ကလည်း ကူညီရမည်။ သို့ဖြစ်သော်ငြားလည်း အုပ်ချုပ်သည့်အစိုးရကို မကြိုက်လျှင် အဆိုပါအဖွဲ့အစည်း၊ လုပ်သားထုစသည်တို့က လိုသလောက်ဝိုင်းဝန်းကူညီမှုမပေးပဲ အာဏာအမိန့်ကိုဖီဆန်နေရမည်။ အုပ်ချုပ်မှုစက်ယန္တရားကြီးကို နှောင့်နှေးသွားအောင် လုပ်ကြရမည်။

## ဥပဒေနှင့်ဘယ်အထိချုပ်ချယ်နိုင်သနည်း

တိုင်းပြည်တပြည်လုံးအနှံ့အပြား အစိုးရ၏အမိန့်အာဏာကို ငြင်းဆန်လာပြီး အစိုးရအနေနှင့်လည်း လျှော့မပေးချင်လျှင် ဥပဒေကို ပိုမိုတင်းကြပ်အောင် လုပ်လာတော့မည်။ အစိုးရသည် လိုချင်သည့်အကူအညီကို မရရအောင်ကြိုးစားပြီး၊ မရခဲ့လျှင်အပြစ်ဒဏ်ပေးဘို့ ကြိုးစားတော့မည်။ အဘယ်ကြောင့် ဤသို့အပြစ်ဒဏ်များ ပေးလာသနည်း။ လူထုအများစုကအစိုးရကိုအကူအညီမပေးသော်လည်း လူနည်းစုက အစိုးရကိုသစ္စာရှိရှိနှင့် အကူအညီပေးဘို့ရန် ဝန်မလေးသောကြောင့် (တနည်း) လူထုမညီသောကြောင့်ဖြစ်သည်။ ထို့ကြောင့် အစိုးရအား ဆန့်ကျင်သူများကို အပြစ်ဒဏ်ပေးဘို့ သစ္စာခံရဲနှင့် စစ်သားများကို အသုံးပြုပြီးနှိမ်နင်းသည်။

အုပ်ချုပ်သူလူတစုကစည်းလုံးညီညွတ်မှုရှိပြီး အုပ်ချုပ်ခံလူများစုကို ဖိနှိပ်ချုပ်ချယ်အပြစ်ဒဏ်ခတ်သည်။ အုပ်ချုပ်သူတို့သည် အခြားအကြောင်းများကြောင့်လည်း အချင်းချင်းစည်းလုံးလျက်ရှိမည်။ အုပ်ချုပ်သူများသည် အထက်တွင်အကြိမ်ကြိမ်ဖော်ပြပြီးသည့်အတိုင်း လူထုထံမှ အကူအညီ လူထု၏နာခံမှုစသည်တို့ကိုလိုသည်။ သို့သော် အစိုးရ၏ သြဇာအာဏာ မလုံလောက်ဖြစ်နေလျှင် မည်သို့ပင်တင်းကြပ်စွာအကူအညီတောင်းစေကာမူ မိမိလိုချင်သလောက်မရနိုင်ပေ။

နိုင်ငံရေးအာဏာ ဆက်လက်တည်မြဲနေရန်အတွက် အပြစ်ဒဏ်ပေးပြီးထားနိုင်ဘို့ အရေးကြီးသည်။ အထူးသဖြင့် အရေးအခင်းအကြပ်အတည်းအခြေအနေတွင် သာ၍အရေးကြီးသည်။ သို့သော် ယင်းအပြစ်ဒဏ်များ ထိရောက်သည် မထိရောက်သည်ကား အပြစ်ဒဏ်ခံရသူများအပေါ် မူတည်သည်။ အပြစ်ဒဏ်ခံရသူများက ဘယ်လိုသဘောထားတုန့်ပြန်သည်ကို ကြည့်ရမည်။ များသောအားဖြင့် အပြစ်ဒဏ်နှင့်ဖိနှိပ်အုပ်ချုပ်လာလျှင် လူအများက နောက်မဆုတ်ချင်။ စစ်မြေပြင်တွင် စစ်တိုက်နေသည့်စစ်သားများသည် ရန်သူကိုမကြောက်မရွံ့ စွန့်စားပြီး နောက်မဆုတ်တန်း တိုက်သည့်နည်းတူ၊ အစိုးရကို ဆန့်ကျင်သူများကလည်း အပြစ်ဒဏ်ကိုမကြောက် ဆက်လက်တိုက်မည်ပင်။ သို့အတွက် အပြစ်ဒဏ်ကို ကြောက်လောက်အောင်ပေးမှသာ ထိရောက်သည်။ ကြောက်ပြီး သြဇာနာခံလာမည်။ အုပ်ချုပ်သူအစိုးရ၏ အကြိုက်ကို လုပ်မည်။ သို့သော်ငြားလည်း အစိုးရက သူ့ထင်ကြေးပေါက်ချင်မှပေါက်ဦးမည်။ အကယ်၍ကြောက်လောက်မှတ်သားလောက်အောင်ကြမ်းကြမ်းလုပ်မည်ဆိုပြီး ထင်တိုင်းအရာရောက်အောင်မလုပ်နိုင်လျှင် အုပ်ချုပ်သူ၏ တန်ခိုးအာဏာကို ရန်မူလာနိုင်သည်။

## စုပေါင်းဆန့်ကျင်ရေး

အုပ်ချုပ်ခံရသူများ၊ အသင်းအဖွဲ့အုပ်စုများ၊ အလုပ်ဌာနများက ဘယ်အထိအစိုးရကိုယိုင်းပင်းသည် ဘယ်လောက်ကျိုးနွံသည်ဆိုသည့်အချက်ပေါ်မူတည်ပြီး၎င်း၊ အားကိုးပြီး၎င်းအာဏာကို ထိန်းသိမ်းထားနိုင်သည်။ သို့ဖြစ်၍ အခြေအနေအရအစိုးရသည် လူအများအပေါ် အားထားနေရသည်ဟုအခွင့်ကောင်းယူပြီး လူထုကအစိုးရ၏ အာဏာကို ချုပ်ချယ်မည်ဆိုက ချုပ်ချယ်နိုင်သည်။ အာဏာကိုရုပ်သိမ်းချင်ကရုပ်သိမ်းနိုင်သည်။ သြဇာမခံပဲနေ၍သော်၎င်း၊ အပေါယ်ကြောသာကူသည့် ဟန်လုပ်ပြီး၎င်းအစိုးရ၏ အမိန့်အာဏာကို အရာမရောက်အောင်လုပ်နိုင်သည်။ အဆိုပါအတိုင်း အစိုးရကို ဂရုမစိုက်ဝိုင်းဝန်းကူညီပေးခြင်းလည်းမရှိ အမိန့်အာဏာကိုလည်း မထေမဲ့မြင်လုပ်လာသည် လူစုတွေပေါ်လာမည်။ နေရာမရွေး ပေါ်ပေါက်လာရမည်။ အုပ်ချုပ်သူအစိုးရကအတင်းအဓမ္မ မင်းတို့အမိန့်နာခံရမည်၊ ပြောသည့်အတိုင်းလုပ်ရမည်၊ စသဖြင့် ဖိနှိပ်ချုပ်ချယ်လာလျှင်လည်း တောင့်ခံထားရမည်။ အစိုးရဘာပဲပြောပြော လူထုက အကြောက်အလန့်မရှိ အခြေအနေပြောင်းအောင် အပြစ်ဒဏ်ပေးချင်ပေး၊ စသည်ဖြင့် ဆန့်ကျင်ရန်ဝန်မလေး၊ တင်းထားမည့်စိတ်ဓါတ်ရှိလာလျှင် လူထုနှင့်ချီပြီး စိတ်အားထက်သန်စွာ ကျယ်ပြန့်သောအစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများဖြစ်ပေါ်လာနိုင်သည်။ နိုင်ငံရေးအရ ထိရောက်သည့် ဆန္ဒပြပွဲများဖြစ်လာတော့မည်။ အုပ်ချုပ်သူ၏စိတ်ကို ပြောင်းအောင်လုပ်နိုင်သည့်အချက်များမှာ– အာဏာဖီဆန်သူ လူထုအင်အား၊ အစိုးရကို အကူအညီမပေးပဲနေသည့် အဖွဲ့အစည်းက မည်မျှရှိသည်၊ ယင်းအဖွဲ့အစည်းများကို အစိုးရက ဘယ်အထိအားကိုးနေရသနည်း စသည်တို့ဖြစ်သည်။ သို့ဖြစ်၍ အုပ်ချုပ်သူကိုကာပြန်သည့် အပြုအမူများကို အမြဲမပြတ်လုပ်ပြရမည်။ သို့မှသာ–နှိမ်မရတော့ပါဘူး–ဟုမြင်လာသည့်အခါ အာဏာရှူးများ၏ ပြဿနာကိုဖြေရှင်း နိုင်ပေတော့မည်။

ဤကဲ့သို့ ဖမ်းဆီးချုပ်နှောင်မည့် အပြစ်ဒဏ်ဘေးများကို ဂရုမစိုက်ပဲ အစိုးရ၏အာဏာများကို ဆက်လက်မလျှော့တမ်း အချိန်ကြာမြင့်စွာဖီဆန်နိုင်လျှင် အစိုးရ၏အုပ်ချုပ်မှုစက်ယန္တရားကြီး ရပ်တန့်သွားရန် မကြာတော့ပေ။ မည်သည့်အစိုးရမဆို လက်အောက်ခံအရာရှိ အမှုထမ်းများ၏ ကူညီထောက်ခံမှုကိုအားကိုးနေရသည်။ မကူညီလျှင်ရပ်တည်မနေနိုင်။ လူထု၏အကူအညီနှင့်သာ နိုင်ငံရေးအာဏာကို ဆုပ်ကိုင်ထားနိုင်သည်။ သို့ဖြစ်၍ အာဏာဆိုသည်မှာ အကြမ်းဖက်မှုရသည့် ကြမ်းကြမ်းတမ်းတမ်း လုပ်ရဲကိုင်ရဲသည့်ဘက်ကသာ အနိုင်ရသည်ဆိုသည့် ယူဆချက်များမှာ မှားသည်။ အာဏာကိုဖီဆန်၊ တောင့်ထား၊ ဖိနှိပ်ချုပ်ချယ်လျှင်မခံ၊ စိတ်တင်းပြီး ဆန္ဒအင်အားများ ပြနိုင်ဖို့အရေးကြီးသည်။

နိုင်ငံရေးအာဏာသည် လူထုအဖွဲ့အစည်းအပေါ် မှီခိုအားထားနေရကြောင်းသိလျှင်၊ ယင်းအသိကို အသုံးပြုပြီး ဘယ်လိုနည်းများသုံးပြီး အာဏာရှင်ကို တိုက်မည်နည်း။ လူထုကိုအ စိုးရကမှီခိုအားထားနေရကြောင်း သိပါလျက်နှင့် မလုပ်တတ်မကိုင်တတ်ဖြစ်သည့်အတွက် အရာရောက်အောင်မတိုက်နိုင်သဖြင့် ဖိနှိပ်ချုပ်ချယ်အနိုင်ကျင့်နေသည့် အစိုးရများ တည်မြဲလျက်ရှိသည်။ ဖိနှိပ်အုပ်ချုပ်သူကို ထိရောက်အောင်ဆန့်ကျင်ရန် နည်း ၂ မျိုးရှိသည်။

(၁) တိုင်းသူပြည်သားများက ထိရောက်စွာ လှုပ်ရှားမှုများပြရမည်။ သင်းတို့လိုသည့်အကူအညီကို မပေးပဲငြင်းဆန်ရမည်။

(၂) တိုင်းပြည်တပြည်လုံးအနှံ့အပြား လူအုပ်နှင့်ထကြွရမည်။

အုပ်ချုပ်သူအစိုးရဘက်သားများက စည်းလုံးညီညွတ်မှုရှိပြီး ဆန့်ကျင်သူများကအကွဲကွဲဖြစ်လျှင် စုပေါင်းဆန့်ကျင်ရေးဆန္ဒပြပွဲများ မဖြစ်နိုင်။ အာဏာအမိန့်ကို ထိရောက်စွာဆန့်ကျင်လိုလျှင် စည်းလုံးညီညွတ်ပြီး မကြောက်မရွံ့ သက်စွန့်ကြိုးပမ်းတိုက်မှ အောင်မြင်နိုင်မည်။

## အခြေခံအဆောက်အအုံ

လူ့ဘောင်အဖွဲ့အစည်းသည် ခိုင်မာတောင့်တင်းရမည်။ သို့မှသာ အုပ်ချုပ်သူအာဏာပိုင်များကိုချုပ်ကိုင်ထားနိုင်သည်။ ထို့ကြောင့် အာဏာ၏ဗဟိုချက်ဖြစ်သည့် အဖွဲ့အစည်းအမျိုးမျိုးရှိရမည်။ ဩဇာအာဏာစုသည် ဩဇာအာဏာကိုထိရောက်စွာသုံးနိုင်သည့် အသင်းအဖွဲ့အစည်းများကိုဆိုလိုသည်။

ဩဇာအာဏာ၏ဗဟိုချက်မဖြစ်သည့် အဖွဲ့အစည်းများဆိုသည်မှာလည်း အခြေအနေရသော်၎င်း၊ အဖွဲ့အစည်းအမျိုးအစားအရ၎င်း တခုနှင့်တခုအသွင်ခြားနားသည်။ ဩဇာရှိသည့် အဖွဲ့အစည်းများမှာ–ဥပမာဆိုရလျှင် များသောအားဖြင့် မိသားစုများ၊ လူတန်းစားအလိုက် သီးသန့်ရှိနေသည့်အုပ်စုများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ယဉ်ကျေးမှုအမျိုးသားအဖွဲ့စသည်များ၊ အလုပ်သမား အစည်းအရုံးများ၊ စီးပွားရေးအလိုက် စည်းရုံးထားသည့် အုပ်စုများ၊ မြို့ပြကျေးရွာအုပ်စုများ၊ နယ်ပယ်အဖွဲ့အစည်း စသည်များ၊ အုပ်ချုပ်ရေးဆိုင်ရာ အောက်တန်းအရာရှိ အစိုးရအဖွဲ့၊ စေတနာ့ဝန်ထမ်းများနှင့် နိုင်ငံရေးပါတီများ ဖြစ်သည်။

ယင်းအဖွဲ့အစည်းများတွင် ဩဇာတိက္ကမရှိသည်။ အနည်းနှင့်အများဆိုသလို ထိုအဖွဲ့အစည်းများသည် အစဉ်အလာအရ စနစ်တကျတည်မြဲလျက်ရှိသော လူမှုရေးအဖွဲ့အစည်းများဖြစ်တတ်သည်။ ရန်ဖန်ရန်ခါအားဖြင့်စနစ်တကျမဖွဲ့စည်းထားသော အစည်းအရုံးများမှာလည်း ဩဇာတိက္ကမရှိတတ်သည်။ အချို့အစည်းအရုံးများမှာမူ အသင်းသားများလိုချင်သည့်ရည်မှန်းချက်တခုခုကြောင့် ရအောင်ကြိုးစားရင်းစည်းရုံးလိုက်ပြီး ဩဇာရှိလာသည့်လူစုလည်းဖြစ်တတ်သည်။ အုပ်ချုပ်သူအစိုးရကို ဆန့်ကျင်ရန် အလျှင်စလိုဖွဲ့စည်းလိုက်ရသောအသင်း(သို့မဟုတ်) အသင်းဟောင်းတခုကိုအားဖြည့်အသက်ပြန်သွင်းပေးလိုက်ရသော အဖွဲ့အစည်းများလည်းဖြစ်တတ်သည်။

အဖွဲ့အစည်းတခုကို ဩဇာအာဏာ ရှိပါသည်ဟုသတ်မှတ်လိုလျှင် အောက်ပါအချက်များကိုကြည့်ပြီး မှတ်ချက်ချရမည်။ ကိုယ့်ဘာသာကိုယ် လုပ်စရာရှိက လုပ်နိုင်သလော? ထိရောက်အောင်ဩဇာအာဏာကိုသုံးနိုင်သလော? အသင်းအဖွဲ့ဝင်များကို ထိုက်တန်သည့် ဩဇာအာဏာပေးထားသည်မထားသည်၊ အခြားဩဇာတိက္ကမရှိသောသူများနှင့်အပေးအယူရှိမရှိ၊ ထို့ပြင် ယင်းအဖွဲ့အစည်းများ၏ အဖွဲ့ဝင်အရေအတွက်၊ ဗဟိုချုပ်ကိုင်မှုရှိမရှိ၊ အဖွဲ့အတွင်းဆုံးဖြတ်ချက်ချမှတ်ပုံနည်းစနစ်နှင့် အဖွဲ့၏အတွင်းအင်အား စသည်တို့ကလည်း အလွန်အရေးကြီးသော အချက်များဖြစ်သည်။

လူ့ဘောင်အဖွဲ့အစည်းတွင် အာဏာတည်ဆောက်ပုံ၊ ဩဇာအာဏာနှင့် ဆက်ဆံပုံပေါ်တွင်မူတည်ပြီး အုပ်ချုပ်မင်းလုပ်သူအစိုးရ၏ အာဏာစက် မည်မျှရေရှည်ဖြန့်နိုင်သနည်း။ ဘယ်လောက်ထိ ဩဇာအာဏာညှောင်းသနည်းဟုဆုံးဖြတ်နိုင်သည်။ ဩဇာအာဏာကို ကိုယ်တဦးတည်းကိုင်မထားပဲ အညီအမျှဝေပေးထားလျှင် အုပ်ချုပ်သည့် အထက်လူကြီးကိုလည်းထိန်းထားနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဩဇာအာဏာကို အထိုက်အလျောက် အဖွဲ့အစည်းအတွင်းထိုက်တန်သလိုပေးထားသည့်အတွက် အုပ်ချုပ်သူ အထက်လူ၏ ချုပ်ချယ်မှုကို အာခံနိုင်ခြင်းကြောင့်ပင်ဖြစ်သည်။ ဤသည် နိုင်ငံရေးလွတ်လပ်မှုနှင့် ဆက်သွယ်နေသော အခြေအနေဖြစ်သည်။ အခြားဘက်ကပြန်ကြည့်လျှင် အာဏာရှိသည့်အုပ်စုက အားပျော့သွားလျှင်ဖြစ်စေ ဩဇာအာဏာပျက်လာလျှင်ဖြစ်စေ အခြားအုပ်စုက ကိုယ့်အာဏာကို ဝင်ရောက်စွက်ဖက်နှောက်ယှက်ပြီး အဖွဲ့အစည်းအဖြစ်ရပ်တည်မနေနိုင်အောင် ချုပ်ချယ်လာလျှင် အုပ်ချုပ်လာသူအထက်လူကြီး၏ ဩဇာအာဏာကို ထိန်းမရသည့်အခြေအနေသို့ရောက်သွားနိုင်သည်။ ဤဒုတိယအခြေအနေသည် အာဏာရှင်အစိုးရဆိုးများနှင့် ဆက်သွယ်နေသည်။ (ဝါ) ဤအခြေအနေရောက်လျှင် အာဏာရှင်အစိုးရ ဖြစ်လာတော့သည်။

သို့ဖြစ်၍လူ့ဘောင်အဖွဲ့အစည်းတခုအနေနှင့် အုပ်ချုပ်မင်းလုပ်နေသည့် အစိုးရ၏အာဏာကို ရေရှည်ကြိုးကိုင်ထိန်းသိမ်းထားနိုင်သည်။ လူထုနှင့်အဖွဲ့အစည်းများက ဩဇာတိက္ကမရှိပြီး၊ လုပ်စရာရှိကထပြီးလုပ်နိုင်လျှင် အစိုးရ၏အာဏာကိုလည်း ကန့်သတ်ချုပ်ထိန်းထားနိုင်သည်။ ညှင်းပန်းနှိပ်စက်လာလျှင် တော်လှန်နိုင်သည်။ သို့ကြောင့် ဤကဲ့သို့အာဏာရှိလာသည့် အသင်းအဖွဲ့လူစုလူဝေးတို့ကသာ၊ ကစဉ့်ကလျားအကွဲကွဲဖြစ်ပြီး အဆိပ်မရှိသည့်အဖွဲ့အစည်းများထက် သာလွန်ပိုမိုထိရောက်စွာ အစိုးရ၏အာဏာကို ဖီဆန်ချုပ်ချယ်နိုင်သည်။

သာမန်အားဖြင့် လူထုက အုပ်ချုပ်မင်းလုပ်သူ အစိုးရကို တချိန်တည်းတသံတည်းညီညီညာညာ ဘာမှအကူအညီမပေး ဩဇာအာဏာအမိန့်ကိုလည်း မလိုက်နာခဲ့သော် အစိုးရ၏ဩဇာအာဏာကို ထိခိုက်ရန်ရှာလာခြင်းဖြစ်သည်။ ထို့ကြောင့် အစိုးရ၏အာဏာ ရေသောက်မြစ်များကို ချုပ်ထားနိုင်ဘို့အရေးကြီးသည်။ ဘယ်လိုနည်းနှင့်ချုပ်ကိုင်မည်နည်း? စဉ်းစားရမည့်အချက်များမှာ–အစိုးရကို အလိမ္မာနှင့် အကူအညီမပေးပဲ တိုက်ပွဲဝင်ခြင်း၊ အစိုးရက လူထုအကူအညီမည်မျှလိုသနည်းဟု ခန့်မှန်း။ နောက်အရေးကြီးသည့် အချက်က အစိုးရကိုဆန့်ကျင်တိုက်နေသူများက ဘယ်အထိ လွတ်လွတ်လပ်လပ် ကိုယ်အားနှင့်ကိုယ် တိုက်နိုင်သနည်း စသည်တို့ပင်ဖြစ်သည်။

နိုင်ငံတော်အာဏာပိုင်မဟုတ်သည့် အဖွဲ့အစည်းများက အုပ်ချုပ်မင်းလုပ်သူ၏ အပြုအမူများကို အဘယ်မျှထိန်းထားနိုင်သနည်း? အောက်ပါ အချက်အလက်များကို ကြည့်ပြီးခန့်မှန်းနိုင်သည်။

၁။ တိုင်းသူပြည်သားများက အစိုးရ၏ဩဇာအာဏာကို ချုပ်ကိုင်ထားချင်သည့်စိတ် မည်မျှရှိသည်။

၂။ လွတ်လပ်စွာ လုပ်ပိုင်ခွင့်ရှိသော အသင်းအဖွဲ့အစည်းများ၏ အရေအတွက်။

၃။ ယင်းအသင်းအဖွဲ့တို့၏ အင်အားနှင့် မည်မျှလွတ်လပ်စွာ လှုပ်ရှားနိုင်ခွင့်အတိုင်းအတာ။

၄။ အသင်းအဖွဲ့အစည်း၏ ဩဇာအာဏာပင်ရင်းနှင့် ၎င်းအဖွဲ့အစည်းတို့၏ ဩဇာအာဏာသက်ရောက်မှု။

၅။ ယင်းအဖွဲ့အစည်းတို့၏ လူမှုရေးဩဇာအာဏာ မည်မျှသက်ရောက်နိုင်သနည်း။

၆။ အသင်းဝင်များက ဘယ်အထိအထက်လူကြီးပြောသည်ကို သဘောတူညီမည်နည်း။ ဘယ်အထိ ငြင်းဆန်မည်နည်း။

အထက်ဖေါ်ပြပါအချက်အလက်များ အတော်အတန်ပြည့်ပြည့်ဝဝရှိခဲ့သော် အစိုးရကို လိုသလောက်အကူအညီပေးမည်ဟု ဆုံးဖြတ်လျှင် အကူအညီပေးလိုက်နိုင်သည်။ သို့မဟုတ် အနည်းငယ်မျှသာပေးမည်ဆိုက အနည်းငယ်ပင်ပေးမည်။ လုံးဝမပေးပဲနေမည်ဆိုလည်း နေနိုင်သည်။

အတိုအားဖြင့် အုပ်ချုပ်သူအစိုးရ၏ ဩဇာတိက္ကမ အတက်အကျသည်၊ အုပ်ချုပ်ခံရသူများက ဒီအစိုးရကိုလက်ခံသည်မခံသည် သူတို့အမိန့်အာဏာကိုနာခံမည်မနာခံမည်၊ အစိုးရခိုင်းသ၍လုပ်မည်မလုပ်မည်ဆိုသည့်အပေါ်တွင် တိုက်ရိုက်သော်၎င်း သွယ်ဝိုက်သော်၎င်း တည်ရှိနေသည်။

## အုပ်ချုပ်သူများ၏ဩဇာအာဏာကို ရုပ်သိမ်းလိုက်ခြင်း

လူအများက အုပ်ချုပ်မင်းလုပ်သူအား အကူအညီပေးဘို့လည်းငြင်းဆန်၊ ဩဇာအမိန့်ကိုလည်းမနာခံ၊ ဇွတ်တရွတ်ဆက်လက်အာခံနေလျှင် အစိုးရ၏ အခြေခံလိုအပ်သော လူအားကို မပေးဘူးဟုငြင်းဆိုသည်ပင်။ အစိုးရအမှုထမ်းအရာထမ်းအဆင့်ဆင့်က လိုသည့်အကူအညီကိုပေးရန် ခေါင်းခါလိုက်သည်ပင်။ အုပ်ချုပ်ခံရသူများက သူတို့မလိုလားသော ဥပဒေကို မလိုက်နာပဲ နေချင်နေလာကြတော့မည်။ အလုပ်သမားများကလည်း အလုပ်မလုပ်ပဲနေချင်နေမည်။ သို့နှင့် စီးပွားရေးယန္တရားကြီး ရပ်တန့်သွားကောင်းသွားမည်။ အစိုးရဌာနအသီးသီးက အရာရှိများလည်း ခိုင်းတာကို လုပ်ချင်မှလုပ်တော့မည်။ စစ်တပ်နှင့် ပုလိပ်များကလည်း တာဝန်မကျေပွန်ပေါ့ဆလာကြပြီး၊ ဖိနှိပ်ချုပ်ချယ်မှုတင်းတင်းကြပ်ကြပ်မလုပ်ပဲ နေချင်နေကြလိမ့်မည်။ တပ်တွင်းသူပုန်ထချင်ထနိုင်သည် ဤကဲ့သို့ လူအတော်များများနှင့် အဖွဲ့အစည်းများက အချိန်ကြာမြင့်စွာ ဆန့်ကျင်လာခဲ့သည်ရှိသော် အစိုးရနှင့် လက်အောက်ခံဌာနအသီးသီးအားလုံး ဩဇာအာဏာကိုကိုင်မထားနိုင်တော့ပေ။ စိုးမိုးအုပ်ချုပ်သူအစိုးရပါဟု အခေါ်ခံရသူများသည် သာမာန်လူတန်းစားသာဖြစ်သွားတော့သည်။ အစစအရာရာ ပြောင်းလဲသွားလေပြီ။ အဘယ်ကြောင့်ဆိုသော် လူအများ၏ ကူညီယိုင်းပင်းမှုကြောင့်ပေါ်ပေါက်လာရသော လူထုက ထောက်ခံ၍ရသော အစိုးရအာဏာကို လူထုကပင်ရုပ်သိမ်းလိုက်သောကြောင့်ပင်။ ဤသို့အားဖြင့် အာဏာမဲ့စေရပေမည်။ ခေါင်းမာပြီးလူစုလူဝေးနှင့် အလျှော့မပေးတန်းဆန့်ကျင်နေရုံနှင့် ခြေကုပ်မြဲနေသည့်စိုးမိုးသူများကို တိုက်ဖျက်ရန်မလုံလောက်သေး။ အရာမရောက်သေး။ စနစ်တကျစုရုံးပြီး အချက်ကျ ထိရောက်အောင်လှုပ်ရှားမှုများပြုရမည်။ အာဏာဆိုတာ ဘယ်လိုဆိုသည်ကို သေသေချာချာထိုးထွင်း၍ အသိရှိမှအာဏာရအောင်လုပ်နိုင်သည့်နည်းများကို သိနိုင်မည်။ တိကျသေချာသော နည်းလမ်းများရှာရမည်။ အပြောင်းအလဲများ ဗယ်လိုမြန်မြန်ဖြစ်တတ်သည်ကို သိရမည်။ အောင်မြင်ဘို့ရာ မည်သည့်အချက်များလိုသည်ကို စဉ်းစားရမည်။ တိုက်ပုံတိုက်နည်းစနစ်များတွင် ကျွမ်းကျင်ရမည်။ ဖိနှိပ်ချုပ်ချယ်သည့်ကြားထဲမှ ဘယ်လိုတောင့်ခံထားရမည်ကို သိရှိဘို့လိုသည်။ အချုပ်ပြောရလျှင် အကြမ်းမဖက်သည့် တိုက်ပွဲဝင်နည်းစနစ်များကို ရေလည်စွာသိရမည်။ အာဏာ၏ သဘောတရားကို ထိုးထွင်းသိမှ ထိုနည်းစနစ်များကိုသိရမည်။

## အကြမ်းမဖက်သည့်လက်နက်စနစ်

အကြမ်းမဖက်သည့် လှုပ်ရှားမှုများသည် စစ်မြေပြင်တွင် လက်နက်ကိုင်စွဲတိုက်ပွဲဝင်သည်နှင့် အတူတူပင်။ ရန်သူ့ဘက်နှင့် အားချင်းပြိုင်ကြည့်ရမည့် စစ်ပွဲများဖြစ်သည်။ စစ်ရေးစစ်ဆင်မှုတွင် လိမ္မာကျွမ်းကျင်ရမည်။ လှုပ်ရှားမှုစစ်သည်တော်များ သတ္တိရှိဘို့လိုသည်။ စည်းကမ်းသေဝပ်ရမည်။ စွန့်စားရမည်။ (သို့သော် ယင်းတိုက်ပွဲတွင်လက်နက်ကိုင်တိုက်ပွဲများလောက်တော့ ထိခိုက်ဒဏ်ရာရသူများ မရှိပါ)။ အကြမ်းမဖက်သည့်လှုပ်ရှားမှုများတွင် ဝင်ရောက်တိုက်ခိုက်သည့် တပ်သားများသည် မိမိတို့၏ အခြေခံအင်အားကို တိုးတက်လာအောင်ကြိုးစားရမည်။ ကိုယ်အသုံးပြုမည်ဆိုသည့် တိုက်နည်းစနစ်များကို ထိရောက်အောင်အသုံးပြုတတ်ရမည်။ မိမိတို့ရည်မှန်းသည့် ပန်းတိုင်ကိုရောက်အောင် အင်တိုက်အားတိုက်ချီတက်ရမည်။ အများအယူအဆတွင် အကြမ်းမဖက်ပဲတိုက်နေလျှင် လက်နက်ကိုင်တိုက်သည်ထက် အချိန်ပိုကြာသည်၊ လိုရာရဘို့ ကြာလွန်းသည် စသည့်ယူဆချက်များရှိသည်။ ဤသို့လည်းမဆိုနိုင်ပါ။ ရက်အနည်းငယ်အတွင်းတွင်၎င်း၊ ရက်သတ္တပတ် အနည်းငယ်အတွင်းတွင်၎င်း အောင်ပွဲရသွားသည့်အခါများလည်း ရှိဘူးပါသည်။

အကြမ်းမဖက်သည့်နည်းကို အသုံးပြုနေလျှင် ဩဇာအာဏာကို အပြင်းအထန်မသုံးပဲ လှုပ်ရှားနေခြင်းဖြစ်သည်။ အကြမ်းမဖက်သည့်နည်းနှင့် တိုက်သည့်စစ်ပွဲတွင် အသုံးပြုနိုင်သည့် အကြမ်းမဖက်သည့်လက်နက်အမျိုးအစား အကြမ်းအားဖြင့်(၃)မျိုးရှိသည်။ အကြမ်းမဖက်ပဲ ကန့်ကွက်ခြင်းနှင့်အရေးဆိုခြင်း။ အကူအညီမပေးပဲနေခြင်း။ အကြမ်းမဖက်ပဲ ဝင်ရောက်စွက်ဖက်ခြင်းတို့ဖြစ်သည်။

ယင်းလက်နက်များကို အသုံးပြုခြင်းအားဖြင့် အချို့စီးပွားရေး၊ လူမှုဆက်ဆံရေး၊ နိုင်ငံရေးစနစ် စသည်တို့ ပြောင်းလဲလာနိုင်သည်။ တခါတရံဘက်နှစ်ဘက် အင်အားစုကိုလည်း မျှသွားအောင်လုပ်နိုင်သည်။

(၁) အကြမ်းမဖက်သည့် ကန့်ကွက်မှုနှင့်အရေးဆိုမှုများသည် အဓိကအားဖြင့် ငြိမ်းချမ်းစွာဆန့်ကျင်ကန့်ကွက်ပြီး လိုလားချက်ကို တောင်းဆိုနေသည့် လက္ခဏာကို ပြနေခြင်းပင်။ ပါးစပ်မှထုတ်ပြောရုံမက ကိုယ်ဟန်အမူအယာနှင့်ပြခြင်းဖြစ်သည်။ အကူအညီ လုံးဝမပေးခြင်းလည်းမဟုတ်၊ အကြမ်းမဲ့ရှုက်ဖက်သည့်အခြေကိုလည်းမရောက်သေး။ ဘာတွေလုပ်ကြမည်နည်း။ စီတန်းလမ်းလျှောက်ခြင်း၊ ဆန္ဒပြခြင်း၊ သပိတ်တားခြင်း၊ ပိုစတာများကိုင်ဆောင်ခြင်း၊ ကန့်ကွက်ဆန္ဒပြနည်းများ သင်ပေးခြင်း၊ ဝမ်းနည်းကျေကွဲသည့်အထိမ်းအမှတ်များကို ပြုခြင်း၊ ဆန္ဒပြသည့် စည်းဝေးပွဲများကျင်းပခြင်း စသည်တို့ကိုလုပ်ပြရမည်။

ဆန့်ကျင်ဘက်မှအင်အားစုနှင့် လုံးဝမပတ်သက်လုံးဝအကူအညီမပေးပဲနေခြင်းက အကြမ်းမဘက်သည့်နည်းများတွင် အကျယ်ပြန့်ဆုံးနည်းဖြစ်သည်။ လက်ရှိစီးပွားရေးစနစ်၊ လူမှုရေး၊ နိုင်ငံရေး စသည်တို့ကို အရေးမစိုက်၊ မထောက်ခံ၊ အာခံပြီးဆန့်ကျင်နေခြင်းဖြစ်သည်။ ဤလှုပ်ရှားမှုမျိုးကို ရုတ်တရက်အရေးပေါ် ထလုပ်သည့်အခါလည်းရှိသည်။ သေသေချာချာကြိုတင်ပြီးမှ ဆောင်ရွက်သည့်အခါလည်းရှိသည်။ တရားဝင်သည့်အခါရှိသလို တရားမဝင်သည့်အခါလည်းရှိတတ်သည်။

(၂) ဝိုင်းဝန်းအကူအညီမပေးပဲနေနိုင်သည့်နည်း-၃-မျိုးရှိပါသည်။

က။ လူမှုဆက်ဆံရေးနှင့်ပတ်သက်သည့် အကူအညီကို မပေးပဲနေခြင်း။ (ဆန့်ကျင်ဘက်၏ သာရေးနာရေးကိစ္စများကူညီပါဆိုလျှင် မကူပဲနေခြင်း) သပိတ်မှောက်ခြင်း။

ခ။ စီးပွားရေးကိစ္စများတွင် မကူပဲနေခြင်း။ စီးပွားရေးသပိတ်မှောက်ခြင်းနှင့် ဆန္ဒပြခြင်းဟူ၍ ခွဲခြားထားသည်။ ရန်သူ့ဆိုင်ကပစ္စည်းမဝယ်နှင့်။ ရန်သူ့ဆိုင်တွင်မရောင်းနှင့်။

ဂ။ နိုင်ငံရေးအကူအညီမပေးနှင့်။ နိုင်ငံရေးသပိတ်ဟုလည်းပြောနိုင်သည်။

ဤအထက်ဖော်ပြပါနည်းများကို အသုံးပြုပြီး အကြမ်းမဘက်ပဲဆန့်ကျင်ခြင်းသည် အလွန်အရေးပါ အရာရောက်ပါသည်။ ဤလက်နက်များသည် အကြမ်းမဘက်သည့်တိုက်ပွဲတွင် ထိရောက်သော လက်နက်များဖြစ်သည်။

(၃) နောက်ဆုံးတတိယဖြစ်သည့်နည်းမှာ အကြမ်းမဘက်ပဲ ဝင်ရောက်စွက်ဖက်မှုပင်ဖြစ်သည်။ အရေးအခင်းတခုဖြစ်လာလျှင် ဝင်ရောက်စွက်ဖက်ပြီး အနောက်အယှက်ပေးခြင်း (သို့မဟုတ်) အခြေအနေပြောင်းသွားအောင် လုပ်လိုက်ခြင်းဖြစ်သည်။ မည်သို့စွက်ဖက်မည်နည်း။ အစာငတ်ခံခြင်း၊ အနှောက်အယှက်အမျိုးမျိုးပေးခြင်း၊ ထိုင်ပြီးဆန္ဒပြခြင်း၊ လူနေမှုပုံစံအသစ်တမျိုးတည်ဆောက်ခြင်း၊ စီးပွားရေးတစင်ထောင်ခြင်း၊ အဖမ်းခံခြင်း၊ စင်ပြိုင်အစိုးရဖွဲ့ခြင်း စသည်တို့ဖြစ်သည်။

## တန်ခိုးအာဏာသြဇာလွှမ်းမိုးခြင်း

အကြမ်းမဘက်ပဲ လှုပ်ရှားမှုနှင့် အာဏာရန်င်သည်။ ယင်းသြဇာအာဏာနှင့် အတိုက်အခံဘက်က သြဇာအာဏာကို ကိုယ့်ဘက်ရောက်လာအောင်လုပ်နိုင်သည်။ အကြမ်းမဘက်ပဲ လှုပ်ရှားနေသော လူစုအဖို့လည်း သူတို့လိုလားချက်များရအောင်ကြိုးစားနိုင်သည်။ ဤသို့လျှင်အတိုက်အခံဘက်က အာဏာကို အမြစ်လှန်တိုက်ရိုက်တိုက်ထုတ်လိုက်ခြင်းဖြစ်သည်။ နိုင်ငံရေးအကြမ်းဘက် လက်နက်နှင့်တိုက်သည်ထက် ပို၍အရာရောက်သည်။

ဥပမာ-စီးပွားရေးပြဿနာပေါ်လာလျှင် စီးပွားရေးဆန့်ကျင်မှုတွေလုပ်၊ အကယ်၍ နိုင်ငံရေးပြဿနာဖြစ်ပြီး အတိုက်အခံဘက်က တိုင်းသူပြည်သားတို့ထံမှ ကူညီယိုင်းပင်းမှုကိုလိုလျှင် နိုင်ငံရေးဆန့်ကျင်မှုတွေလုပ်။ ရန်သူဘက်ကစစ်တပ်နှင့်ချိန်းခြောက် အာဏာပြထားခြင်းသာဖြစ်သည် အာဏာ၏အခြေခံမှာ လူထု၏ကူညီယိုင်းပင်းမှု သြဇာနာခံမှုများသာဖြစ်သည်။ သို့ဖြစ်၍ တိုင်းသူပြည်သားက အာဏာ၏အခြေခံဖြစ်သည့် အကူအညီကိုမပေးပဲထားလျှင်ငင်း၊ အမိန့်အာဏာကိုအာခံလာလျှင်ငင်းထိရောက်သည်။ ဥပမာ-လူထုအင်အားနှင့်ကိုင်ပြီး သပိတ်မှောက်လျှင် စီးပွားရေးရပ်တန့်သွားနိုင်သည်။ စစ်တပ်တွင်း ပုန်ကန်မှုကြီးများ ဖြစ်လာပြီး စစ်တပ်တခုလုံး ပျို့ကွဲသွားနိုင်သည်။

အကြမ်းမဘက်သည့်နည်းများနှင့် လှုပ်ရှားမှုများသည် ရန်သူအုပ်စု၏ အာဏာကို သွယ်ဝိုက်သည့်နည်းနှင့်တိုက်လိုက်ခြင်းဖြစ်သည်။ အကြမ်းဖက်တိုက်လျှင် တိုက်ရိုက်တိုက်နည်းဖြစ်နေသည်။ ရန်သူဘက်မှ ပုလိပ်စစ်သားစသည့်အင်အားများကို ထိပ်တိုက်ရင်မဆိုင်၊ သူတို့သုံးသည့်လက်နက်အင်အားကိုလည်းမသုံး၊ အကြမ်းမဖက်သူတစုက ရန်သူကို သွယ်ဝိုက်သည့်နည်းနှင့် တိုက်နေခြင်းဖြစ်သည်။ ရန်သူအင်အားကို အခြေမှကိုင်လှုပ်လိုက်ခြင်းဖြစ်သည်။ တချိန်တည်းပင် အကြမ်းမဘက်သူများက မိမိတို့၏အင်အားကို ထပ်မံစုဆောင်းနိုင်သည်။ မိမိတို့ဘက်ပါလာအောင် လူများကိုဆွဲဆောင်နိုင်သည်။ ဥပမာ-ဖိနှိပ်ချုပ်ချယ်သည့် သူများကို သူတို့လိုအကြမ်းနှင့်မတိုက်ပဲ အနုနည်းနှင့် ပြန်လှန်တိုက်လိုက်ခြင်းအားဖြင့် အကြမ်းဘက်သူရန်သူများသည် ပြည်သူလူထုကို အကြမ်းနည်းဖြင့် ဒူးထောက်သွားအောင် မလုပ်နိုင်ပါကလားဟု အများသိအောင်ပြလိုက်ခြင်းဖြစ်သည်။ ဤကဲ့သို့ မဆုတ်မနစ်စည်းကမ်းသေဝပ်စွာ အကြမ်းမဘက်ပဲ ဆက်လက်တော်လှန်နေလျှင် ရန်သူအုပ်စုကို ထောက်ခံသည့်လူများပင်လျှင် သဘောကွဲလွဲစပြုလာနိုင်သည်။ သို့နှင့် အုပ်ချုပ်သူအစိုးရ၏ သြဇာအာဏာလည်း လျော့ပါးလာတော့မည်ပင်။ တော်လှန်ဆန့်ကျင်သူတွေ ပိုများလာမည်။ ထောက်ခံသူတွေလည်း သိသိသာသာတိုးလာမည်။ အဘယ်ကြောင့် ဤအခြေအနေရောက်ရသနည်း။ ရန်သူဘက်က အကြမ်းနည်းသုံးပြီးတိုက်သည်ကို နလုံးရည်နှင့်ငင်း၊ အနုနည်းနှင့်ငင်း ပြန်လှန်ဆန့်ကျင်လိုက်ခြင်းကြောင့်ဖြစ်သည်။

## ဖိနှိပ်ချုပ်ချယ်နှိပ်ကွပ်မှု

အကြမ်းမဖက်ပဲ ရန်သူကိုစိမ်ခေါ်ပြီး ရင်ဆိုင်ခြင်းသည် သိပ်အရာမရောက်ပဲ သူ၏သိက္ခာကို အနှောက်အယှက်ဖြစ်ရုံလောက်သာ ဖြစ်ချင်လည်းဖြစ်မည်။ သို့တည်းမဟုတ် အလွန်အမင်းဆိုးနေသည့်ကိစ္စများတွင်မှ ဒုက္ခအတော်ရောက်သွားနိုင်သည်လည်း ရှိတတ်သည်။

ရန်သူအစိုးရဘက်က အကြမ်းမဘက်သည့်ဘက်ကို ဘာလုပ်ရမှန်းမသိ အခက်အခဲတွေ့နေခြင်းသည် အကြမ်းမဖက်ပဲ အရေးဆိုသည့်နည်းများ၏ အကျိုးကျေးဇူးကောင်းသောအချက်များကြောင့်ဖြစ်သည်။ အကြမ်းမဖက်သည့်အုပ်စုက အဆိုပါနည်းစနစ်များကို သိရှိနားလည်လျှင် မိမိတို့အင်အား ပိုမိုတောင့်တင်းလာနိုင်သည်။ တဘက်က အင်အားကို အားနည်းသွားအောင်လုပ်နိုင်သည်၊ ရန်သူအစိုးရတို့၏ ပြဿနာက အကြမ်းမဘက်ပဲတိုက်သည်ကို အံ့အားသွားလို့မဟုတ်၊ တိုက်ပုံတိုက်နည်းကိုမတွေ့ဘူး၍လည်း မဟုတ်ပါ။

ရန်သူက ဖိနှိပ်ချုပ်ချယ်မှုနှင့် တုန့်ပြန်နေသည်။ ဆင်ဆာသတင်းဖြတ်တောက်ခြင်း၊ ပစ္စည်းဥစ္စာများကို သိမ်းခြင်း၊ ဆက်သွယ်ရေးများကိုဖြတ်ခြင်း၊ စီးပွားရေးချုပ်ချယ်ခြင်း၊ ဖမ်းချုပ်ထောင်ချချွေးတပ်ဆွဲ၊ အကျဉ်းစခန်းပို့၊ ရန်သူ့ကိုယ်စလှယ်များက ရန်စ၊ချိန်းခြောက်၊ နောက်ကိုအပြစ်ပေးမည်ဟုပြော၊ ရိုက်နှက်၊ ပစ်ခတ်၊ ညှင်းပမ်း၊ နှိပ်စက်၊ စစ်ဥပဒေနှင့်အုပ်ချုပ်၊ ပစ်သတ်၊ လက်စားချေ စသည် နည်းအမျိုးမျိုးနှင့် နှိပ်ကွပ်မည်။ ဖိနှိပ်ချုပ်ချယ်သည့်အတိုင်းအတာသည် အခြေအနေပေါ်မူတည်ပြီး ဖြစ်လာနိုင်သည်။ ဖိနှိပ်ချုပ်ချယ်ခြင်းသည် ကိုယ့်ဘက်ပြန် ဒုက္ခပေးလာနိုင်သည်။ ကိုယ့်ရည်ရွယ်ချက်လည်း မအောင်မြင်ဖြစ်တတ်သည်။ သို့ဖြစ်၍ အကြမ်းမဖက်ပဲ လှုပ်ရှားလျှင် ရန်သူက ပြင်းပြင်းထန်ထန်နှိပ်ကွပ်ခြင်းမရှိတတ်။ အကြမ်းဘက်ပြီး တိုက်သည့်သူပုန်၊ ပျောက်ကျား၊ စစ်သားတို့ကို နှိပ်ကွပ်သလောက် မရက်စက်ပါ။

ဘယ်လိုအခါတွင် ကြမ်းကြမ်းတမ်းတမ်းနှိပ်ကွပ်ဘို့ရှိလာသနည်း? အကြမ်းမဖက်သည့်လှုပ်ရှားမှုများက လက်ရှိအာဏာပိုင်ကို တကယ်တန်းချိန်းခြောက် ပြုတ်ကျအောင်လုပ်နိုင်မည်ထင်သည့်အခါတွင် ရက်ရက်စက်စက်နှိပ်ကွပ်တော့မည်သာ။ ဤသို့နှင့် အကြမ်းမဖက်သည့်နည်းများ၏ တန်ဘိုးနှင့် ဂုဏ်ယူစရာအချက်ကို အသိအမှတ်ပြုလိုက်နိုင်သည်။ ဖိနှိပ်ချုပ်ချယ်သည်၊ ရက်စက်လွန်းသည်ဟု အကြောင်းပြပြီး အကြမ်းမဘက်သည့်လှုပ်ရှားမှုများကို လက်မလွှတ်သင့်။ ဥပမာ-စစ်မြေပြင်တွင် စစ်သားတယောက်သည် ရန်သူကိုမတိုက်ချင်တော့ပါဘူးဟု အကြောင်းပြပြီး တိုက်ပွဲကိုစွန့်မသွား ဆက်လက်တိုက်သည့်နည်းတူပင်ဖြစ်သည်။ အကြမ်းဘက်၍ ရက်စက်စွာနှိပ်ကွပ်ချုပ်ချယ်ရန်ဝန်မလေးသည့် အုပ်စုမျိုးကို တုန့်ပြန်တိုက်ခိုက်နိုင်ရန် အထက်ဖော်ပြပါအကြမ်းမဘက်သည့် ခုခံနည်းများကို တီထွင်ထားခြင်းဖြစ်ပါသည်။

## နိုင်ငံရေးသိုင်းကွက်များ

ဤကဲ့သို့ မဆုတ်မနစ် အကြမ်းမဘက်ပဲ ဆက်လက်ပြီးအရေးဆိုသွားကြသည်ရှိသော် နှလုံးရည်ဘက်သားများသည် မိမိတို့၏ ဩဇာအာဏာကို အနည်းနည်းအဖုံဖုံ တည်မြဲလာအောင် လုပ်နိုင်သည်။ အတိုက်အခံဘက်ဖြစ်သည့် အုပ်ချုပ်သူတို့က ပိုပြီးရက်စက်ကြမ်းကြုတ်စွာ ဖိနှိပ်ချုပ်ချယ်လာလျှင် သူတို့ကို လူထုကရွံလာလိမ့်မည်။ အကြမ်းမဖက်သည့်ဘက်ကို ဂရုဏာသက်လာပေလိမ့်မည်။ ပြည်သူလူထုက အစိုးရနှင့် သဘောထားကွဲလွဲပြီး အကြမ်းမဖက်သည့်သူများနှင့် လက်တွဲလာနိုင်သည်။ သို့နှင့် ဖိနှိပ်ချုပ်ချယ်ခံနေရသော ပြည်သူလူထုဘက်ကို အားပေးသည့်အုပ်စုများပေါ်လာမည်။ အစိုးရ၏ ရက်စက်ကြမ်းတမ်းမှုများကို ကန့်ကွက်လာကြတော့မည်သာ။ ဤကိစ္စတွင် နိုင်ငံရေးရှုထောင့်မှကြည့်ခဲ့သော် ပြည်တွင်းရှိ လူများ၏ အမြင်၊ အတွေးအခေါ်များနှင့် ပြည်ပနိုင်ငံခြားမှ အမြင်အယူအဆတို့ကွဲပြားချင်ကွဲပြားပေလိမ့်မည်။ သို့သော် လူအများက အကြမ်းမဖက်သည့်ဘက်ကိုသာ အားပေးလိမ့်မည်ဖြစ်ပြီး၊ ရန်သူ့ဘက်ကို နိုင်ငံရေးစီးပွားရေးတို့နှင့် အကြပ်ကိုင်အပြစ်ပေးခြင်းများ လုပ်လာနိုင်စရာအကြောင်း ရှိပါသည်။ ရန်သူ့ကိုထောက်ခံနေခဲ့သူ ပြည်သူလူထု၊ ၎င်းတို့၏ ကိုယ်စားလှယ်များ၊ စစ်တပ်စသည်တို့ကလည်း အကြမ်းမဘက်သည့် အုပ်စုကို ရက်ရက်စက်စက် ဖိနှိပ်ချုပ်ချယ်နေသည်ကို မြင်ရသည့်အခါ ရန်သူ၏ ရက်စက်သောမူဝါဒများနှင့် မတရားမှုများအပေါ် သံသယဖြစ်လာကြတော့မည်။ ရန်ဖန်ရန်ခါဆိုသလို လူထုအနေနှင့် အနေရအထိုင်ရကြပ်လာပြီး အစိုးရနှင့် သဘောကွဲလွဲလာတတ်သည်။ အစိုးရကို အကူအညီမပေးပဲ နေကြလိမ့်မည်။ ဩဇာကို မနာခံရုံမက၊ သပိတ်မှောက်မည်ဆိုက မှောက်ကြလိမ့်မည်။ စစ်တပ်အတွင်း သူပုန်ထကြွလာနိုင်သည်။ ထို့ကြောင့် အကြမ်းမဖက်သည့်ဘက်ကို နှိပ်ကွပ်လျှင် ရန်သူ့ဖက်ကို တန်ပြန်ဒုက္ခပေးလာနိုင်ပါသည်။ ဤသည် နိုင်ငံရေးသိုင်းကွက် နင်းပုံနင်းနည်းဖြစ်ပါသည်။

## ဩဇာအာဏာအပြောင်းအလဲများ

အကြမ်းမဖက်သောနည်းနှင့် ဩဇာအာဏာ အပြောင်းအလဲများ ဖြစ်လာစေနိုင်သည်။ အဘယ်ကြောင့် ဖြစ်လာနိုင်သနည်း? နိုင်ငံရေးသိုင်းကွက်ကစားပြီး အကြမ်းမဖက်သည့်ဘက်သားများက မိမိတို့ဩဇာအာဏာအရှိန်အဝါတက်လာအောင်လုပ်နိုင်သည်။ ရန်သူ့ဖက်က ဩဇာအာဏာကို တဖြေးဖြေးလျော့ကျသွားအောင် လုပ်လိုက်နိုင်သည်။

အကြမ်းမဖက်သည့်ဘက်က မိမိတို့၏အင်အားကို တနေ့တခြား တက်သည်ထက်တက်လာအောင် အမြဲတစေကြိုးစားနိုင်သည်။ ရန်သူကို အကြောင်းအမျိုးမျိုးတို့ကြောင့် စိတ်နာနေသောလူထု၏ ထောက်ခံကူညီယိုင်းပင်းမှုများကိုလည်း ရနိုင်သည်။ သို့နှင့် အကြမ်းမဖက်သည့်ဘက်ကို ထောက်ခံသူတွေပိုမိုများပြားလာမည်။ အကြမ်းဖက်ပြီး တိုက်ခိုက်သည်ထက် အရာရောက်အကျိုးရှိကြောင်းသိလာကြပြီ။ ဤကဲ့သို့ လူထု၏ထောက်ခံမှုတွေ ရလာပြီဆိုသည်နှင့် အတိုက်အခံအုပ်စု၏ ဩဇာအာဏာများကို တိုက်ရိုက်နည်းနှင့်သော်၎င်း သွယ်ဝိုက်၍သော်၎င်း ကျသွားအောင်လုပ်ပစ်နိုင်

သည်။ ဆက်လက်ပြီး လူထုကို ကိုယ့်ဖက်ပါလာအောင် ဖြောင်းဖြနားသွင်းနိုင်သည်။ တခါတရံ အတိုက်အခံအုပ်စုကို လုံးဝအာဏာများမရှိသည့်အခြေကို ရောက်အောင်လည်း အထက်တွင်ဖော်ပြခဲ့ပြီးသည့်အတိုင်း လုပ်နိုင်သည်။ အခြေအနေကို စောင့်ကြည့်ပြီး ဖြစ်နိုင်သည့်နည်းများနှင့် ကြိုးစားနိုင်သည်။ ကိုယ့်တိုင်းပြည်အတွင်း ဖြစ်ပေါ်လာသည့် အရေးအခင်း၊ နိုင်ငံခြားက ဝင်ရောက်သိမ်းပိုက် အုပ်ချုပ်ခံရသောကိစ္စဟူ၍ ပြဿနာနှစ်မျိုး ကွဲပြားခြားနားပါသည်။ အဘယ်ကြောင့်ဆိုသော် လူမျိုးခြားနိုင်ငံခြားက မိမိတို့တိုင်းပြည်ကို ဝင်ရောက်သိမ်းပိုက်အုပ်ချုပ်သည့်အခါ ရန်သူ၏အုပ်ချုပ်ရေးအာဏာနှင့် စစ်တပ်အင်အားတို့သည် နိုင်ငံခြားတွင် အခြေပြုနေသောကြောင့်ဖြစ်သည်။ သို့သော် အထက်တွင်ဖော်ပြပြီးခဲ့သော အကြမ်းမဖက်သည့်နည်းများကို ပြည်တွင်းဖြစ်သည့်ပဋိပက္ခများတွင် သုံးနိုင်သကဲ့သို့ နိုင်ငံခြားနှင့်ပြဿနာများ ပေါ်ပေါက်လာလျှင်လည်း သုံးနိုင်ပါသည်။

နိုင်ငံရေးတခုတွင် ပါဝင်သော ဆန့်ကျင်ရေးအုပ်စုများ၏ အင်အားနှင့် ဩဇာအရှိန်အဝါ စသည်တို့ကလည်း တစုနှင့်တစုမတူ ကွဲပြားခြားနားသည်။ တခါတရံ လှုပ်ရှားထကြွအရေးဆိုနေသည့် လူအရေအတွက်၊ အစည်းအရုံး အရေအတွက် စသည်တို့သည် အခြေအနေအလိုက် သိသိသာသာတိုးလာသည်လည်း ရှိတတ်သည်။ လျော့သွားသည့်အခါလည်းရှိမည်။ ထိုနည်းအတူပင် အတိုက်အခံဘက်ကလည်း ထောက်ခံသူအရေအတွက် အခြေအနေအရ တိုးသည်ဆုတ်သည်ရှိမည်။ အဘယ်ကြောင့် ယခုလိုဩဇာအာဏာအတက်အကျရှိသနည်း? အကြမ်းမဖက်ပဲ ဆန့်ကျင်နေသည့် လူတစု၏အပြုအမူနှင့် စိတ်ထားတို့ကြောင့်ဖြစ်သည်။ အခြားအချက်များကြောင့်ဖြစ်ချင်လည်း ဖြစ်မည်။ ဥပမာ–အုပ်စုအသစ်တခုပေါ်လာပြီး ဘာမှမလုပ်ပဲ လက်ပိုက်ကြည့်နေရင်းမှ ရင်ဆိုင်တိုက်နေသော ၂ဖွဲ့၏ တဘက်ဘက်ကို ဝင်ရောက်ထောက်ခံချင်ထောက်ခံမည်။ တဖက်ကို ကန့်ကွက်ချင်ကန့်ကွက်မည်။ သို့နှင့် အကြမ်းမဖက်သည့် တိုက်ပွဲများတွင်လည်း အာဏာအတက်အကျဖြစ်လာနိုင်သည်။ ဆန့်ကျင်ဖက်နှင့် ကိုယ့်ဖက်ကအင်အား ဘယ်အခြေအနေရောက်နေသည်ကို မျက်ခြေမပြတ် အမြဲသတိထားရမည်။ အတိုက်အခံ ဖြစ်နေသည့်အဖွဲ့၂ဖွဲ့လုံးတွင် ဩဇာအာဏာသည် အမြဲပြောင်းလဲနေတတ်သည်။ ရုတ်ချည်းပြောင်းသည့်အခါပြောင်းတတ်သည်။ သို့တည်းမဟုတ် အာဏာအတက်အကျ ပြင်းပြင်းထန်ထန် ဖြစ်တတ်သည်ကိုလည်း တွေ့နိုင်သည်။ နှစ်ဘက်လုံး အကြမ်းနည်းနှင့် တိုက်ခိုက်နေသည့် ပဋိပက္ခမျိုးတွင်မူ ဤကဲ့သို့ဩဇာအာဏာအပြောင်းအလဲ အတက်အကျများမရှိတတ်ပါ။

များသောအားဖြင့် အဆိုပါဩဇာအာဏာအပြောင်းအလဲများ၊ မည်သူ့ဘက်ကမည်သို့အာဏာကို ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်ထားသနည်း–စသည့်အချက်များပေါ်မူတည်ပြီးလှုပ်ရှားမှုတခု အောင်မြင်သည်၊ ရှုံးသည်ကိုဆုံးဖြတ်နိုင်ပေလိမ့်မည်။

## ပြောင်းလဲမှု(၄)မျိုး

အကြမ်းမဖက်သည့် လှုပ်ရှားမှုများသည် တခုနှင့်တခု မတူကွဲပြားခြားနားသည်။ သို့သော်လည်း အကြမ်းမဖက်သည့်နည်းနှင့် လှုပ်ရှားပြီး ပြောင်းလဲမှုများရလာအောင် လုပ်နိုင်သည့်နည်း (၄)မျိုးထင်ထင်ရှားရှားရှိကြောင်း သိရသည်။

၄င်းတို့မှာ– ……

အတိုက်အခံအုပ်စုကို မူဝါဒပြောင်းလဲသွားအောင် လုပ်ခြင်း။

တောင်းဆိုသည့်အချက်များကို ညှိနှိုင်းတိုင်ပင်ပြီး လက်ခံအောင်၊ သဘောတူလာရအောင် လုပ်ခြင်း။

အကြမ်းမဲ့နည်းနှင့် အစမှုကိုယ့်ဘက်ပါလာအောင် တိုက်တွန်းသိမ်းသွင်းခြင်း။

ရန်သူဖက်က အုပ်စုကို အကွဲကွဲအပြားပြားဖြစ်အောင် လုပ်လိုက်ခြင်းတို့ဖြစ်သည်။

တဘက်ကို မူဝါဒပြောင်းသွားအောင် လုပ်သည်ဆိုရာတွင် အကြမ်းမဖက်သည့်ဘက်က လှုပ်ရှားမှုများကြောင့် ယင်းအုပ်စု၏ အယူအဆများကို သဘောကျလာအောင် လုပ်လိုက်ခြင်းပင်ဖြစ်သည်။ အကြမ်းမဘက်သည့်အုပ်စု၏ လိုလားချက်များ သို့မဟုတ် ရည်ရွယ်ချက်များသည် ကောင်းသောရည်ရွယ်ချက်များဖြစ်သည်ဟု သဘောပေါက်လာအောင် လုပ်လိုက်ခြင်းလည်းဖြစ်သည်။ သို့သော်ဤကဲ့သို့ ရန်သူဘက်ကို လုံးဝပါလာအောင်သော်၄င်း၊ ဝါဒပြောင်းသွားအောင်လုပ်နိုင်ရန် မလွယ်ကူလှပါ။ တခါတရံသာ ဖြစ်နိုင်သည်။

ဒုတိယအချက်ဖြစ်သည့် လိုက်လျောမှု၊ တဖက်ကတောင်းဆိုသည့်အချက်ကို လိုက်လျောပါလာအောင် လုပ်သည့်ကိစ္စတွင် အကြမ်းမဖက်ပဲ တဘက်ကိုစိတ်ပြောင်းသွားအောင်လုပ်သည်လည်းမဟုတ်။ အတင်းအကြပ်ကိုင်ပြီးချိမ်းခြောက်သည်လည်းမဆိုနိုင်။ သွေးဆောင်ဖြောင်းဖျ နားဝင်အောင်ချော့ပြီး မိမိတို့တောင်းဆိုချက်များကို ပေးချင်လာအောင်အရေးဆိုခြင်းပင်ဖြစ်သည်။ သို့နှင့် ရန်သူဘက်က တောင်းဆိုချက်များကိုပေးပြီး လိုက်လျောလာသည်။ ကိုယ်တောင်းသရွေ့ပေးချင်လည်းပေးမည်။ အများအားဖြင့်တစိတ်တဒေသလောက်သာ လိုက်လျောသည်။ သို့သော်လည်း ဤကဲ့သို့လိုက်လျောလာခြင်းဖြင့် ရန်သူ့ဖက်က လက်ရှိပဋိပက္ခကိစ္စနှင့်ပတ်သက်ပြီး စိတ်ပြောင်းသွားခြင်းကြောင့်မဟုတ်ပါ။ သူတို့ အတတ်နိုင်ဆုံးအနေနှင့် လိုက်လျောလိုက်ခြင်းဖြစ်သည်။ ထို့ပြင် သူတို့အုပ်စုထဲတွင် သဘောကွဲလွဲမှုများရှိလာမည်စိုး၍ လိုက်လျောလိုက်ရခြင်းလည်းဖြစ်ချင်ဖြစ်မည်။ အရှုံးနည်းအောင်လုပ်ရခြင်းလည်း ဖြစ်နိုင်သည်။ အခြေအနေပို၍ဆိုးဝါးမသွားစေရန် လုပ်ရခြင်းဆိုလည်းမမှားပေ။ သူတို့အတွက် အဖတ်ဆည်ရအောင် လုပ်ရခြင်းလည်းဖြစ်မည်။ ဤကဲ့သို့ လိုက်လျောမှုများကို မကြာခဏတွေ့ကြုံရတတ်ပါသည်။

တောင်းဆိုချက်များကို လိုက်လျောရန် အရေးဆိုခြင်းသည် အကြမ်းမဖက်ပဲအကြပ်ကိုင်ခြင်း ရန်သူ့ဖက်သားများကို စိတ်ဝမ်းကွဲသွားအောင်လုပ်သည့်နည်းများနှင့် ဆင်ဆင်တူပါသည်။ ဤနည်းနှင့် လူမှုရေး၊ စီးပွားရေးသို့မဟုတ် နိုင်ငံရေးကိုပါ ပြောင်းလဲစေနိုင်ပါသည်။ သို့ဖြစ်၍ အနိုင်ရသည်ဟုဆိုနိုင်သည်။ အကြမ်းဖက်သည့်နည်းကို မသုံးရန် တဖက်ကိုတားမြစ်လိုက်ခြင်းလည်းဖြစ်သည်။ အတိုက်အခံဖက်ကို ၄င်းတို့၏အယူဝါဒများ လုံးဝပြောင်းသွားအောင်လုပ်သည့်နည်းလောက်တော့မကြမ်းပါ။ တဖက်နှင့်တဖက် ဩဇာအာဏာအပေးအယူပြောင်းသွားပြီး ဆက်သွယ်ရေးတမျိုးတမည်ပြောင်းသွားအောင် လုပ်လိုက်ခြင်းသာဖြစ်သည်။

တတိယနည်းလမ်းသည် အကြမ်းမဖက်ရပဲ မရမကလိုက်တွန်းခြင်းပင်ဖြစ်သည်။ နိုကုပ်နတ်ပြည်တင်သည့်နည်းဟုခေါ်ရမည်ပင်။ ဤနည်းကိုလက်ကိုင်ဒုတ်လုပ်ပြီး လို

လားချက်များ ရလာအောင်လုပ်နိုင်သည်။ အတိုက်အခံဖက်ကို သူတို့ကမပေးချင်ပဲ အတင်းချိန်းခြောက်ပြီး တောင်းဆိုချက်များရလာအောင် လုပ်သည့်နည်းပင်ဖြစ်သည်။ ဖိနှိပ်ချုပ်ချယ်သူတို့၏ ဩဇာအာဏာရပေါက်ရလမ်းများကို ပိတ်ဆို့ပြီးမိမိတို့လိုလားချက်များရလာအောင် လှုပ်ရှားနိုင်သည်။ ဤအခြေအနေသို့ ရောက်လာခဲ့သော် အကြမ်းမဖက်သည့်နည်းများသည် အနိုင်ရနိုင်သည့်နည်းလမ်းနှင့် လိုလားချက်များ ရလာအောင်လုပ်သည့် လှုပ်ရှားမှုများဖြစ်လာသည်။ ဘယ်လိုအခါမျိုးတွင် ဤကဲ့သို့ အတင်းအဓမ္မချိန်းခြောက်ပြီး လိုလားချက်များမရရအောင်လုပ်နိုင်သနည်း? ရန်သူဖက်ကသင်းတို့လုပ်ချင်သလို လုပ်ချင်တာတွေ လုပ်လို့မရအောင် အနှောက်အယှက်အဆီးအတားတွေ လုပ်လိုက်သည့်အခါဖြစ်သည်။

ဥပမာဆိုသော် – ၁။ တတိုင်းပြည်လုံးအနှံ့အပြားအာဏာဖီဆန်လာသူတွေ ဒုနှင့်ဒေးပေါ်လာသဖြင့် အုပ်ထိန်း၍ မရနိုင်ဖြစ်နေသည့်အခါ ၂။ အုပ်ချုပ်ရေးယန္တရားကြီး မထူနိုင်အောင်ရပ်စဲသွားသည့်အခါ ၃။ နေရာအနှံ့အပြား စစ်တပ်နှင့်ရဲတို့က တပ်တွင်းသူပုန်ထလာသဖြင့် အုပ်မနိုင်ထိန်းမရဖြစ်ရုံသာမက၊ အစိုးရ၏မူဝါဒများကိုပါ အမြစ်ကပြုတ်အောင် လုပ်လာကြသည့်အခါ ၄။ အစိုးရအမှုထမ်းများကပါ "အစိုးရကိုအကူအညီမပေးတော့ဘူးဟေ့" ဆိုပြီး အလုပ်မလုပ်ပဲနေသည့်အခါ သို့မဟုတ် တိုင်းသူပြည်သားများက လူထုနှင့်ချီပြီး ဩဇာမနာခံအစိုးရကို မထောက်ခံတော့သည့်အခါများဖြစ်သည်။ အဆိုပါအခြေအနေဆိုးသို့ ရောက်ရှိနေသော်လည်း ရန်သူ့အစိုးရဖက်တွင် ဩဇာအာဏာအတော်အသင့်မျှ ကျန်ရှိနေပေဦးမည်။ အစိုးရအုပ်စုအဖြစ်လည်း ဆက်လက်ရပ်တည်နေနိုင်ပေဦးမည်။ တောင်းဆိုချက်များကိုတော်တော်လျှော့ပေးစေကာမူ အစိုးရသည် တည်မြဲလျှက်ပင်ရှိဦးမည်။

စတုတ္ထနည်းလမ်းမှာ အစိုးရပြုတ်ကျသွားအောင်လုပ်ခြင်းဖြစ်သည်။ ဩဇာအာဏာရသည့်အခြေခံရေသောက်မြစ်များကို တခုမှမကျန်အောင် ဖြတ်တောက်ပစ်လိုက်လျှင်ဖြစ်စေ၊ ဩဇာအာဏာရနိုင်သည့် အခြေအနေကို လုံးဝဖန်တီးမပေးပဲ ထားခဲ့သည်ဖြစ်စေ၊ အတိုက်အခံဖက်က မူဝါဒလမ်းစဉ်များကို ပြောင်းလိုက်နိုင်သည်။ သို့နှင့် အုပ်ချုပ်သူအစိုးရသည် အာဏာလက်မဲ့ဖြစ်သွားပြီး အစိုးရအဖြစ်ရပ်တည်မနေနိုင်တော့ပေ။ 'အရှုံးပေးပါပြီ' ဟု အဖွဲ့အစည်းတခုအနေနှင့်ပြောမည့်သူပင်မရှိ၊ ကြက်ပျောက်ငှက်ပျောက် ရှာမတွေ့ဖြစ်သွားနိုင်သည်။ သို့နှင့် ရန်သူ၏ ဩဇာအာဏာများကို ချေမှုန်းပစ်လိုက်ခြင်းဖြစ်သည်။

## အာဏာ၏အဓိကအင်အားစုများကိုဖယ်ရှားခြင်း

အကြမ်းမဖက်သည့် လှုပ်ရှားမှုများနှင့် နိုင်ငံရေးအာဏာ၏အခြေခံအင်အားများကို ဆုတ်ယုတ်အားပျော့သွားအောင်လုပ်နိုင်သည်။

(၁)ဩဇာအာဏာ– အကြမ်းမဖက်သည့်နည်းများကို အသုံးပြုပြီး ဆန့်ကျင်ရေးများလုပ်ခြင်းအားဖြင့် အာဏာပိုင်သူတို့၏အမိန့် သူတို့၏ဩဇာအာဏာ စသည်တို့ကို မလေးစားကြောင်းပြလိုက်ခြင်းဖြစ်သည်။ ဤသို့လျှင် ယခင်ကသူတို့ကို ထောက်ခံနေသူလူစုကပင်လျှင် အာဏာပိုင်တို့နှင့် အိုးစားကွဲသွားနိုင်သည်။ တခါတရံ သူတို့ကိုသစ္စာရှိနေခဲ့သူများပင်လျှင် သိသိသာသာအကြမ်းမဖက်သည့်ဘက်သို့ ပြောင်းပြီးသစ္စာခံလာတတ်ကြသည်။ စင်ပြိုင်အစိုးရဖက်ကိုသာအားပေးကြတော့မည်။

(၂)လူထု၏ အကူအညီအင်အား–ဆန့်ကျင်ဖက်ကသူတို့၏နိုင်ငံရေးအာဏာတည်မြဲနိုင်ရန်အတွက် လူထု၏အင်အား လူထု၏အကူအညီကိုလိုသည်။ အကြမ်းမဖက်သည့်နည်းများနှင့် လူထုကအနှံ့အပြားဩဇာအာဏာကို ဖီဆန်ပြီးမည်သည့်အကူအညီမှမပေးပဲထားလျှင် ဖိနှိပ်ချုပ်ချယ်သူတို့၏ ဩဇာအာဏာ ကျဆင်းသွားဘို့သာရှိသည်။ အုပ်ချုပ်ခံရသူလူထု၏ကူညီယိုင်းပင်းမှုရှိမှသာ အုပ်ချုပ်ရေးစက်ယန္တရားကို လည်ပတ်နိုင်မည်။ လူထုက ဩဇာအာဏာကို ဖီဆန်၊ အကူအညီလည်းမပေး၊အတိုက်အခံလုပ်သူတွေ ဒီရေအလားတနေ့တခြားတိုးလာခဲ့သည်ရှိသော် အုပ်ချုပ်သူများအဖို့ အတင်းလုပ်၍မရတော့။ အုပ်ထိန်းလို့မရသည့် အခြေအနေသို့ ရောက်သွားလိမ့်မည်။ ယခင်ကဆန့်ကျင်ဖက်ကို ထောက်ခံခဲ့သူများကပင်လျှင် ယှုသူတို့ကို မျက်နှာလွှဲနေမည်။ သို့နှင့် သူတို့၏ ဩဇာအာဏာသည် ကျဆင်းသွားစရာသာရှိတော့သည်။

ဤကဲ့သို့ လူထုက ဩဇာအာဏာကိုလည်းမနာခံ ကူညီယိုင်းပင်းခြင်းလည်းမရှိ ဖြစ်နေခဲ့သော် အစိုးရ၏ လိုအပ်သော ဩဇာအာဏာ၏ ပင်ရင်းကိုဖြတ်လိုက်သကဲ့သို့ပင်။ (ကျွမ်းကျင်မှု အသိပညာ၊ ပစ္စည်း စသည့် လိုအပ်သည့်အချက်များကို မရတော့ပေ)။ အာဏာကိုလက်ကိုင်ထားပြီး ဥပဒေနှင့်ကြပ်တည်းရန်လိုသည့်အချိန်ကျမှ သူတို့လုပ်ချင်သလိုမလုပ်နိုင်ဖြစ်သွားတော့သည်။ သို့နှင့် အစိုးရ၏ဩဇာအာဏာ ကျဆင်းလေလေ၊ အရေးဆိုသူတို့၏ လှုပ်ရှားမှုအင်အားက တက်လာလေလေဖြစ်ပြီး အစိုးရတွင် တဖြည်းဖြည်းအာဏာမဲ့ဖြစ်သွားတော့မည်သာ။

(၃)ကျွမ်းကျင်မှုနှင့်အသိပညာ–အချို့အလုပ်သမားများသည် မိမိတို့လုပ်ငန်းတွင် ကျွမ်းကျင်လိမ္မာမှုရှိသည်။ အသိဉာဏ်နှင့်ပြည့်စုံသည်။ အလုပ်ရည်ဝနေသည်။ ဥပမာ–အုပ်ချုပ်ရေးအရာရှိအမှုထမ်းများ၊ အထူးအရာရှိများ၊ စက်မှုလက်မှုဝန်ထမ်းများ၊ အကြံပေးအရာရှိများ စသည်တို့ပင်ဖြစ်သည်။ ဤကဲ့သို့လုပ်ရည်ဝနေသည့် အမှုထမ်းများကအုပ်ချုပ်ရေးကို ဆန့်လုံးဆန့်ခုဖြစ်သွားအောင် အကူအညီမပေးပဲနေခဲ့သော် အစိုးရ၏ ဩဇာအာဏာ လျော့သွားပေလိမ့်မည်။ လုံးဝအကူအညီမပေးပဲနေရုံမျှမက၊အပရိကပြီးစလွယ်သာလုပ်ပေးလိုက်ခြင်းကလည်း အရေးပါအရာရောက်သည်။

(၄)အကောင်အထည်နှင့် လက်ဆုပ်လက်ကိုင်မပြနိုင်သည့်အချက်–တိုင်းပြည်တဝှမ်းလုံး အကြမ်းမဖက်သည့်နည်းနှင့် လှုပ်ရှားမှုများ ပြန့်ပွားလာလျှင် အမိန့်ဩဇာကိုနာခံတတ်ရမည့် အလေ့အထများကို ထိခိုက်လာနိုင်သည်။

(၅)ပစ္စည်းဥစ္စာအင်အား–အကြမ်းမဖက်သည့်နည်းများနှင့် ဆန့်ကျင်ဖက်ကလိုအပ်သော ပစ္စည်းအရာဝတ္ထု စသည်တို့၏ ရလမ်းများကို ပိတ်ဆို့တားမြစ်ပစ်နိုင်သည်။ ဥပမာ–စီးပွားရေးစနစ် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဘဏ္ဍာရေး၊ ကုန်ကြမ်း စသည်တို့ကို ချုပ်ကိုင်ထားနိုင်သည်။

(၆)အပြစ်ဒဏ်ပေးပြီးအရေးယူခြင်း–အကြမ်းမဖက်သည့်နည်းများနှင့် အရေးဆိုခြင်းသည် အတိုက်အခံဘက်ကအပြစ်ဒဏ်ပေးနိုင်စေကာမူ၊ အပြစ်ဒဏ်ခတ်ရန်မလွယ်ကူပါ။

သူတို့ကိုနိုင်ငံခြားကလက်နက်များမရောင်းတော့ဘူးဟု ငြင်းဆိုနိုင်သည့်အတွက် လက်နက် အခက်အခဲရှိလာမည်။ ခဲယမ်းမီးကျောက်လုပ်သည့် စက်ရုံတွင် အလုပ်သမားများ သယ်ယူပို့ဆောင်ရေး အလုပ်သမားများကလည်း သပိတ်မှောက်နိုင်သည်။ တခါတရံနှိပ်ကွပ်မည့် ပုလိပ်စစ်တပ်များကလည်း မလုံမလောက်ဖြစ်သွားနိုင်သည်။ အဘယ်ကြောင့်ဆိုသော် စေတနာ့ဝန်ထမ်းများ လျော့သွားခြင်းကြောင့်၎င်း၊ ရနိုင်မည်ဟုစိတ်ချထားသော ချေးတပ်များကလည်း လုံးဝတာဝန်မယူ ငြင်းဆန်လာကြခြင်းကြောင့်၎င်းဖြစ်သည်။ သို့နှင့် ပုလိပ်နှင့်စစ်တပ်က အစိုးရ၏အမိန့်အတိုင်း ဘာကိုမျှ ထိထိရောက်ရောက်မလုပ်၊ ပေါ့ပေါ့ဆဆအမှုထမ်းကြတော့မည်။ သို့မဟုတ် အမိန့်ကိုလုံးဝမနာခံပဲ နေချင်လည်းနေမည်။ ဤအခြေအနေသို့ရောက်လာသည့်အခါ အကြမ်းမဖက်သည့်နည်းနှင့် အစိုးရကို လက်မြှောက်အောင်လုပ်လိုက်ခြင်းပင်ဖြစ်သည်။ မင်းလုပ်အုပ်ချုပ်သည့်အစု ပြိုကွဲသွားလေပြီ။ အစိုးရအဖြစ်ရပ်တည်မနေနိုင်တော့သည့် အခြေကိုရောက်သွားလေပြီ။

သို့ဖြစ်၍ အကြမ်းမဖက်သည့် လှုပ်ရှားမှုများ၏ အရေးအကြီးဆုံးနှင့် ရေရှည်အကျိုးသက်ရောက်မှုများသည် လောလောဆယ်ဖြစ်ပေါ်လာသည့် ပြဿနာများကို ဖြေရှင်းပေးနိုင်ခြင်းပင်ဖြစ်သည်။ အဆိုပါပြဿနာတို့၏ အဖြေကိုရအောင်ရှာနိုင်သည်ဟုဆိုလျှင်လည်း မမှားပေ။ တဖွဲ့နှင့်တဖွဲ့ မည်သို့စိတ်ထားကြသည် အဖွဲ့အစည်းတခုတွင် မည်သို့မည်ပုံ ဩဇာအာဏာကို ဖြန့်ဝေထားကြသည်တို့ကိုလည်း သိလာနိုင်သည်။ အကြမ်းမဖက်သည့် လှုပ်ရှားမှုများသည် အထူးပင်ထိရောက်နိုင်ပါသည်။

## တိုက်ပွဲဝင်ကြသည့်အုပ်စုများအတွင်း ပြောင်းလဲမှုများ

အကြမ်းမဖက်သည့် လှုပရှားမှုများတွင် ပါဝင်သူများသည် အကျိုးကျေးဇူးအမျိုးမျိုးရနိုင်ပါသည်။ ဥပမာဆိုရလျှင် အကြမ်းမဖက်သည့် နည်းလမ်းများကို ကောင်းစွာနားလည်လာသည်။ သုံးပုံသုံးနည်းများတွင် ကျွမ်းကျင်သည်။ မိမိတို့ကိုယ်ကို မိမိတို့ယုံကြည်လေးစားသည့် စိတ်ဓါတ်ဖြစ်လာသည်။ အကြောင်းကိစ္စတခု ဖြစ်လာလျှင် ချိန်ဆပြီး ပြောင်းလဲသင့်ကပြောင်းလဲပေးတတ်သည်။ အသိဉာဏ် အရည်အချင်းတိုးလာသည်။ ကြောက်တတ်သည့်စိတ်၊ ငုံ့ခံနေတတ်သည့်စိတ်များမရှိတော့။ ကိုယ့်ကိုယ်ကိုဂုဏ်သိက္ခာရှိသူများပါလားဟု ယုံကြည်လာသည်။ အခြားပဋိပက္ခများတွင် တွေ့ရှိမြဲဖြစ်သည့် တဦးနှင့်တဦး စည်းစည်းလုံးလုံးလုပ်ကြကိုင်ကြသည့်စနစ်ကို အကြမ်းမဖက်သည့် လှုပ်ရှားမှုတွင်လည်း တွေ့ရကြောင်းသိလာသည်။ အချင်းချင်းလက်တွဲပြီး ကူညီယိုင်းပင်းလာတတ်ကြသည်။ အဖွဲ့အစည်းတောင့်လာသည်။ သို့ဖြစ်၍ အကြမ်းမဖက်သည့်လှုပ်ရှားမှုများကြောင့် အဆိုပါအကျိုးကျေးဇူးများ ဖြစ်ပေါ်လာနိုင်ပါသည်။ အကြမ်းမဖက်သည့်နည်း၏ ထူးခြားသောအာနိသင်တို့ကို သတိချပ်ဘို့လိုပါသည်။

အာဏာဖီဆန်ပြီး တိုက်ပွဲဝင်လာကြသည့် အခြေခံလူထုအဖွဲ့အစည်းတို့၏ အင်အားပိုမိုတောင့်တင်းလာမည်။ နောင်အခါ အရေးအခင်းများဖြစ်ပေါ်လာလျှင်လည်း ရင်ဆိုင်တိုက်ခိုက်နိုင်သည့် အခြေခံအင်အားဖွံ့ဖြိုးလာမည်။ ဤအတွေ့အကြုံများက လှုပ်ရှားမှုများတွင် ပါဝင်တိုက်ခိုက်သူတို့အား အင်အားနှင့်အကြမ်းဖက်ပြီး ဖိနှိပ်ချုပ်ချယ်သောအစိုးရကို ရင်ဆိုင်ရသည့်အခါ မည်သို့ရှုပ်ရှုပ်ချွန်ချွန်ခုခံရမည်ကို သင်ကြားပေးပြီးသားဖြစ်သွားသည်။ အများကြိုက်သည့် တရားဝင်အာဏာရရှိရေးကိုသာ လိုလားသောသူများပေါ်များလာမည်။ သို့နှင့် အကြမ်းမဖက်သည့်နည်းများသည် အနှုန်ရှည်စွာအကျိုးပေးနိုင်သော နည်းလမ်းများဖြစ်သွားနိုင်သည်။

## နိုင်ငံရေးဖက်စပ်မှု

အကြမ်းမဖက်သည့်နည်းများကို အသုံးပြုပြီး ရက်စက်ကြမ်းကြုတ်စွာ အုပ်ချုပ်သည့်သူများ စစ်အစိုးရများ စသည်တို့ကိုပင် ရင်ဆိုင်တိုက်ခိုက်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် အစိုးရဟူသည် မိမိတို့အုပ်ချုပ်ထားသည့် လူထုအပေါ် မှီခိုပြီးနေရခြင်းကြောင့်ဖြစ်သည်။ လူထု၏အင်အား၊ လူထု၏ အကူအညီကိုလိုသည်။ အကြမ်းမဖက်သည့်နည်းနှင့် အကူအညီမပေးပဲတောင့်ခံထားလျှင် မိမိတို့တောင်းဆိုချက်များရနိုင်သည်။ အကယ်၍ ဖိနှိပ်ချုပ်ချယ်သည့်ကြားမှ အတော်ကြာမြင့်စွာလူထုက အစိုးရ၏ဩဇာအာဏာကို ချုပ်ထိန်းထားနိုင်လျှင်၎င်း၊ အမိန့်ကိုမနာခံပဲ နေလိုက်ကြလျှင်၎င်း၊ နိုင်ငံရေးစနစ်နှင့် အုပ်ချုပ်ရေးပါ နလံမထူနိုင်အောင်ဖြစ်သွားလိမ့်မည်ပင်။ အခြေအနေအလွန်အမင်းဆိုးဝါးသည့်အခါမျိုးတွင်မူ နိုင်ငံရေးတခုလုံးချုတ်ခြုံကျပြီး မင်းလုပ်အုပ်ချုပ်သူ၏ ဩဇာအာဏာတို့သည် အနေးနှင့်အမြန်ကျဆင်းသွားပေလိမ့်မည်။

နိုင်ငံရေးအာဏာ၏ သဘောတရားတို့ကို ထိုးထွင်းပြီး တပ်အပ်သေချာစွာသိသင့်သည်။ ဤအသိဉာဏ်ကို အခြေခံထားပြီး အကြမ်းမဖက်သောနည်းများကို လူမျိုးမရွေးဘာသာမရွေးအသုံးပြုနိုင်သည်။ သို့ဖြစ်၍ ၎င်းနည်းများကို ဘယ်လူမျိုးမှ သုံးရမည်။ ဘယ်တိုင်းပြည်တွင်သာ သုံးနိုင်သည်ဟု ချွင်းချက်ကန့်သတ်ထားခြင်းမရှိပါ။ တိုင်းပြည်တပြည်တွင် လွတ်လပ်ရေးပြဿနာ ပေါ်ပေါက်လာလျှင်လည်း အဆိုပါအသိဉာဏ်နှင့် ဖြေရှင်းကြရမည်။ နိုင်ငံခြားမှကျူးကျော်စော်ကားလာလျှင်လည်း ထိုနည်းတူပင်။ ကမ္ဘာ့အရပ်ရပ်တွင် အာဏာကို အတင်းလုယူပြီး အာဏာရှင်အဖြစ် ကြီးစိုးလိုက်သည့်အခါများတွင်လည်း ထိုအသိဉာဏ်နှင့် ယှဉ်သည့်အ ကြမ်းမဖက်သောနည်းများနှင့် လှုပ်ရှားမှုများ ပြုရပေလိမ့်မည်။ ။